www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၊ ၅၀၀၂၆၃၀၅၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၊ ၅၀၀၄၅၆၀၂၁၀

ပုံနှိပ်ခြင်း ၊ ပထမအကြိမ်၊ ဩဂုတ်၊ ၂၀၁၀

ထုတ်ဝေသူ

ဦးစန်းမွန်အောင်

(ငါတို့စာပေ)

75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း

အာကာ

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးဇော်မြင့်ဝင်း(ကာလာစုန်)

အုပ်ရေ

၅၀၀

တန်ဖိုး ၊ ၁၅၀၀ ကျပ်

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၉၅.၈၃

ပဥ္စမံဒီရိုင်း

တက္ကသိုလ်လူပျော်ရဲ့ထားခင်ခင်/ပဥ္စမံဒီရိုင်း။-ရန်ကုန်။

ငါတို့စာပေ။ ၂၀၁၀။ ၁၇၀ - စာ။ ၁၃ x ၂၀ စင်တီမီတာ။

(၁) တက္ကသိုလ်လူပျော်ရဲ့ ထားခင်ခင်

www.burmeseclassic.com

ပုညခင်

# တက္ကသိုလ်လူပျော်ရဲ့ ထားခင်ခင်

www.burmeseclassic.com

www.burmeseclassic.com

မသိလိုက် မသိဘာသာ အနာဂတ်

www.burmeseclassic.com

www.burmeseclassic.com

ဤအဖြစ်အပျက်များသည်
၁၉၉၅–၉၆ တွင် ဖြစ်ပွားခဲ့ခြင်း
ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာဦးကတည်းက

ပွင့်လာခဲ့တဲ့

ကံ့ကော်ပန်းပွင့်တွေ

ညက အိပ်မက်ထဲမှာလည်း

ကမ္ဘာဦးကတည်းက အတိုင်း

အပြိုင်းအရိုင်းပွင့်လို့...။



www.burmeseclassic.com

www.burmeseclassic.com



- ၁ -

ကျွန်တော့်ရင်ထဲ တော်တော်မကောင်းပါ။ သုံးနှစ်တာကာလ ပတ်လုံး ကျွန်တော်၏ကွန်းခိုရာသဖွယ်၊ ကျွန်တော့်နန်းတော်၊ ကျွန်တော့် ဥယျာဉ်၊ ကြယ်ငါးပွင့်ဟိုတယ်ကဲ့သို့ မိုးလုံ၊ လေလုံ၊ ရေမှန်၊ မီးမှန် လခကလည်း ကမ္ဘာပေါ်တွင် မည်သည့်တက္ကသိုလ်မှာမှ ကျွန်တော် ဆိုသော အဆောင်လောက် ဈေးမပေါသည့် ချစ်စွာသော၊ မြတ်နိုးလှ စွာသော ရန်ကုန်တက္ကသိုလ် ပရဝုဏ်ထဲက 'သထုံဆောင်'ကို စတုတ္ထ နှစ် စာမေးပွဲကျခဲ့သဖြင့် အဆောင်နေခွင့်မရဘဲ ကျွန်တော် အပြင် ဆောင်သို့ ရောက်ခဲ့ရသောကြောင့် ဖြစ်ပါသည်။

သည့်ထက် အသည်းနာတာက ရန်ကုန်တက္ကသိုလ် စိန်ရတု အကြိုအဖြစ် အဆောင်ညစာစားပွဲတွေ၊ ဖျော်ဖြေရေးတွေ၊ စိန်ရတုနှင့် ပတ်သက်သမျှ အတူတူလက်တွဲလုပ်ဆောင်ခဲ့သော သူငယ်ချင်းများ အားလုံး အောင်ပြီး ကျွန်တော်တစ်ယောက်တည်းသာ စာမေးပွဲကျခဲ့ ရသဖြင့် ကျွန်တော့်ကိုယ်ကျွန်တော်တောင် ပြန်အံ့ဩနေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သေချာတာက တက္ကသိုလ်ဆိုသည်မှာ လူမှုရေးလုပ်ဆောင်တာက သတ်သတ်၊ ပျော်တာက သတ်သတ်၊ စာမေးပွဲက သတ်သတ်ဆိုတာ ကျွန်တော် ကောင်းကောင်းကြီး သိလိုက်ရသောကြောင့် ဖြစ်ပါသည်။

'ဟော့ကောင်… ရဲကျော်၊ မင်းကွာ တစ်သက်လုံး သင်လာခဲ့တဲ့ မြန်မာစာကိုတောင် ကျအောင် ဘယ်လိုဖြေခဲ့သလဲ၊ မင်း ကျူတိုရီယယ်တွေလည်း ပျက်တယ်၊ ပြီးတော့ စာမေးပွဲမှာ မြန်မာစာနဲ့ ပတ်သက်ပြီး မင်းဖြေထားတာတွေက မင်းထင်သလို ဖြေထားတာတွေချည်းပဲ။ သူရဲကောင်း အဲမွန်တာရာကို မင်းက အစွရေးက မော့ဆက်၊ ရုရှားက ကေဂျီဘီ၊ အမေရိကန်က စီအိုင်အေတို့ရဲ့အဘိုးလို့ ရေးလိုရေး၊ မင်းရဲကျော်စွာကို ဘာမှမသုံးသပ်တတ်ဘဲ ရန်သူဘက်က ပြောသမျှကို နားထောင်လွယ်သူလို့ ဖြေ၊ ဘယ်လိုလုပ် အမှတ်ပေးလို့ရမှာလဲ'

ဦးချစ်လက်ဖက်ရည်ဆိုင်မှာ စတုတ္ထနှစ် အင်္ဂလိပ်စာအဓိက ကျောင်းသားများကို မြန်မာစာသင်ကြားသော ဆရာတင်က ကျွန်တော့်ကို လက်ဖက်ရည်တိုက်ပြီး ကျောင်းစတက်သည့်နေ့တွင် ဆူပါတော့သည်။

ဆရာတင် ပြောတာ ဟုတ်ပါသည်။ မကျေနပ်၍ အမှတ်စာရင်း ထုတ်ကြည့်သောအခါ မြန်မာစာမိုင်နာနှင့် စာမေးပွဲကျကြောင်း သိလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကံ့ကော်ပန်းရနံ့တွေကတော့ အရင်လို မွှေးပျံ့နေဆဲပါပဲ။ ကံ့ကော်ပန်းရနံ့ကို စာမေးပွဲစစ်မည့်သူကျတော့ ဘာကြောင့်ရှိလဲကွယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဒိုမဲနစ်ဆောဗျူ'က

ဘုံဘောမြို့တော်ကြီးကို ရှု့ပြီး

'သုခမြို့တော်' လို့ အမည်ပေးတယ်။

ဟောဒီ...

ကုံ့ကော်တောအုပ်ကြီးကိုတော့

လိုလိုလားလား

တန်ဖိုးအမွန်မြတ်ထားပြီး

ကျွန်တော်က

အမည်ပေးကင်ပွန်းတပ်မယ်

'သုခပဉ္စလက် နိုင်ငံတော်ကြီး' လို့။



www.burmeseclassic.com



- ၂ -

ကျောင်းပြန်တက်ရတာ နည်းနည်းကသိကအောက်နိုင်သည်။ ရပြီးသား သိပြီးသားစာတွေ ပြန်သင်ရ၊ သင်ကြားခဲ့ဖူးသော ဆရာ၊ ဆရာမတွေနှင့် ပြန်တွေ့ရ၊ သင်ကြားခြင်းကို အတန်းသစ်တက်လာသော ကျောင်းသားတွေနှင့် ပြန်သင်ရ။ သည်ကြားထဲ ကျွန်တော့်ကို ဘာဖြစ်လို့ စာမေးပွဲကျရတာလဲလို့ ခဏခဏမေးသောသူတွေကို ပြန်ပြန်ရှင်းပြရတာလည်း တော်တော်စိတ်ပင်ပန်းပါသည်။

လောကကြီးမှာ မရှင်းပြချင်သော အရာတော်တော်များများမှာ ဆိုကိစ္စလည်း ပါဝင်လို့နေပါသည်။

တော်ပါသေးသည်။ သူငယ်ချင်းတွေ မရှိတော့သည့်အချိန်မှာ ကျွန်တော်နှင့် ခင်မင်ခဲ့သော ပထဝီဝင်အဓိက မဟာဝိဇ္ဇာတန်းက တို့ချစ်လှိုင် မဟာဝိဇ္ဇာပြီး၍ အချိန်ပိုင်းနည်းပြအဖြစ် ပထဝီဌာနမှာ ပြန်ပြီး ဆရာဖြစ်နေသေး၍ တော်ပါသေးသည်။ ပြီးတော့ ဒုတိယနှစ်က ကျွန်တော့်ကို ဒဿနိကဗေဒ မိုင်နာသင်ပေးသော ဆရာမောင်ကြည်သစ်နှင့် ဆရာနန္ဒာသိန်းဇံတို့ ရန်ကုန်တက္ကသိုလ်ပင်မမှာ ကထိက

www.burmeseclassic.com

www.burmeseclassic.com



ဆရာများအဖြစ် တာဝန်ထမ်းဆောင်နေသေး၍ အားလျှင် ဆရာတို့ဆီ သွားပြီး စကားပြောဖော်ရသဖြင့် အချိန်တွေ ကုန်မှန်းမသိ ကုန်ခဲ့ရပါသည်။

သည်နေ့လည်း လှည်းတန်းက စံရိပ်ငြိမ်အပြင်ဆောင်မှာ ကျွန်တော်နှင့် တစ်ခန်းတည်း အတူနေသော ဒဿနိကဗေဒ ဂုဏ်ထူးတန်း တတိယနှစ်မှ မြတ်ကြီးကို သူ့ပေါင်းတည်မြို့မှ အိမ်ကနေ့မနက်က အဆောင်မှာဖုန်းလာသဖြင့် သူ မရှိတုန်း ကျွန်တော်က နားထောင်ပြီး သူ့အတန်းမပြီးသေး၍ သူ့အတန်းဆီ လာခဲ့ခြင်းဖြစ်သည်။

မြတ်ကြီးဆိုသည့် ကောင်ကလည်း မင်္ဂလာသတင်းနားဆင်ဖို့ စာသင်ခန်းထဲမှာ မရှိ။ ပေါင်းတည်က သူ့ညီမ ယောကျ်ားနောက်လိုက်ပြေးသွားပြီဆိုသောသတင်းနှင့် သူ့နှမနှင့် ခိုးရာလိုက်ပြေးသူက မြတ်ကြီး၏ငယ်သူငယ်ချင်း စားဖော်သောက်ဖက် ပေါင်းတည်မြို့မှာ ထိရောင်းသော အေးမောင်ဆိုသူအကြောင်း ပြောဖို့ ဖြစ်ပါသည်။

'ဆရာ… မြတ်ကြီး ဒီနေ့ အတန်းမတက်ဘူးလား'

ကျွန်တော်က ဆရာမောင်ကြည်သစ်ရှိသော ဆရာများ နားနေဆောင်အခန်းထဲဝင်ပြီး မေးလိုက်ပါသည်။

'ဒီကောင် စာကြည့်တိုက်သွားမယ် ပြောတာပဲ'

'ဆရာရာ… ဒီကောင်က စာကြည့်တိုက်က ငှားအားတဲ့ စာအုပ်တွေရော ဝယ်ထားတဲ့ စာအုပ်တွေရော ကျွန်တော်နဲ့ အပြင်ဆောင်မှာနေတဲ့ အခန်းမှာ နည်းတာမဟုတ်ဘူး၊ ဟိုခါမှ အဲဒီစာအုပ်

www.burmeseclassic.com



တွေ ဖတ်တာလည်း မတွေ့ရဘူး၊ စာအုပ်တွေကို လူမြင်အောင်ပြထား ပြီး အဲဒီစာအုပ်တွေကို ကိုယ့်ရည်းစားအမှတ်နဲ့ ကြည့်ပြီး ကျေနပ်နေ တာ၊ အခုလည်း သူ့နှမ သူ့အချစ်ဆုံးသူငယ်ချင်းနဲ့ လင်နောက်လိုက် ပြေးသွားလို့ လာပြောတာ'

'ရဲကျော်ရာ… ဒီကောင်က စာအုပ်နာမည်တွေတော့ အလွတ် ရတယ်ကွ'

'ဒါတော့ ဟုတ်တယ် ဆရာ၊ သူ့အဖေနဲ့အမေ မွေးသက္ကရာဇ် တောင် သိချင်မှသိမှာ၊ ကမ္ဘာ့ကျော်စာအုပ် ခေါင်းစဉ်တွေကတော့ ဒီကောင် အလွတ်ရတာ ချီးကျူးရမယ်'

ဆရာမောင်ကြည်သစ်က ကျွန်တော့်စကားအဆုံး ရယ်နေပါ သည်။

'ရဲကျော်… ဒီနှစ်တော့ အောင်အောင်လုပ်ကွာ၊ တော်ကြာ Day တက်ပြီး အပြင်ဖြေဆို အောင်ဖို့မလွယ်ဘူး'

'စိတ်ချ ဆရာ၊ မြတ်ကြီးကို လိုက်ရှာလိုက်ဦးမယ်'

ဆရာမောင်ကြည်သစ် အခန်းထဲကထွက်ပြီး ဆင်နားရွက် တံခါးကို ပြန်အပိတ် လှည့်အထွက်မှာ တစ်စုံတစ်ယောက်နှင့် ခလုတ် တိုက်မိပါသည်။ စာအုပ်တွေ တမံသလင်းပေါ် ပြုတ်ကျသံ ကြား လိုက်ရပါသည်။

'လူမမြင်ဘူးလား၊ ဘယ်လိုဖြစ်လို့ ဒီလောက်လောရတာလဲ'

'ဟုတ်ကဲ့… မတော်လို့ပါ'

ကျွန်တော်က တမံသလင်းပေါ်ကျနေသော စာအုပ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကောက်လိုက်ပါသည်။ စာအုပ်တွေက ပထမနှစ် ဒဿနိကဗေဒ ဝဏ်ထူးတန်း ကျူတိုရီယယ်ဖြေသော စာအုပ်တွေ ဖြစ်နေပါသည်။

စာအုပ်တွေကို သေသေချာချာကောက်ပြီး ကျွန်တော် ခလုတ်တိုက်မိသော အမျိုးသမီးကိုကြည့်သောအခါ ရင်ဖုံးအင်္ကျီနှင့် ကျွန်တော်နှင့် သက်တူရွယ်တူလောက် ရှိမည့် ဆရာမတစ်ဦး ဖြစ်လို့နေပါသည်။

'ဒီ ကျူတိုရီယယ်စာအုပ်တွေက ဆရာဦးအောင်ဝင်း အခန်းထဲ သွားထားရမှာ၊ နောက်ကို ဘေးဘီကြည့်ဦး'

'ဟုတ်ကဲ့ပါ ဆရာမ'

ကျူတိုရီယယ်စာအုပ်တွေကို ဆရာမလေးက သယ်ပြီး ဆရာဦးအောင်ဝင်း အခန်းထဲသို့ ဝင်သွားပါသည်။

ပြောမည့်သာပြောတာ တော်တော်ကျက်သရေရှိသည့် ဆရာမလေး။ အသက်ငယ်ငယ်နှင့် မဟာဝိဇ္ဇာတန်းပြီးလို့ အချိန်ပိုင်းနည်းပြဆရာမ ဝင်လုပ်တာပဲ ဖြစ်ရမည်ဟု ကျွန်တော် တွေးမိလိုက်ပါသည်။

အဆောင်ရောက်တော့ မြတ်ကြီးကို ဖြစ်သမျှအကြောင်း ပြောပြတော့ မြတ်ကြီးက သူ့နှမ သူ့အချစ်ဆုံးသူငယ်ချင်းနှင့် လင်နောက်လိုက်ပြေးတာကို ပျော်ရွှင်နေရင်းက ကျွန်တော်နှင့် ခလုတ်တိုက်မိသော ဆရာမလေးနာမည်မှာ ထားခင်ခင်ဖြစ်ကြောင်း ပြောပါတော့သည်။

အသေးစိတ်သိရသော အချက်အလက်များအရ ခင်မတန်မှ ချောမောလှပပြီး ကျက်သရေရှိသော ထိုဆရာမလေးသည် အချိန်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com



နည်းပြဖြစ်ပြီး အပြင်ဆောင်တစ်ခုတွင် ငှားနေကာ ရောဂါတိုင်းသူ တစ်ဦးဖြစ်ပြီး ရည်းစားလည်းမရှိကြောင်း သိရပါသည်။

ဖြစ်ချင်တာဖြစ် ထိုညက သတင်းအချက်အလက်များကို စုဆောင်းတင်ပြပေးသော မြတ်ကြီးကို ရွှေနှလုံးသားမှာ ထမင်းကျော် လိုက်ကျွေးခဲ့ပါသည်။

❧

ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲကမျိုးဆိုလျှင်တော့ ဇာတ်လမ်းက အဲဒီမှာ စတာပါပဲ။ သည်လို ဇာတ်လမ်းမျိုးတွေ ဘဝတစ်ခုကို မြင့် သထက်မြင့် ကောင်းသထက်ကောင်းအောင် အနာဂတ်အတွက် အရောက်ပို့ပေးသော အသိပညာ အတတ်ပညာတွေ ပြည့်လျှံနေသော မြကျွန်းညို့ ဟောဒီ သုခနိုင်ငံတော်ကြီးထဲမှာ ဘယ်လောက်တောင် အရေအတွက်တွေ ရှိနေပြီလဲလို့ သစ်ပုပ်ပင်ကြီး သိသားနှင့် မပြောချင်ဘဲ 'ဒိုင်လျှို' နေသလား မသိ။

❧

ခက်တာက အနာဂတ်၏ ကြောင်းခြင်းရာတွေကို လေလံဆွဲလို့ မရ၊ ဝယ်လို့မရတာက ပြဿနာဖြစ်နေပါသည်။

သည်နေရာမှာ အင်တာနက်တွေ၊ ကွန်ပျူတာတွေ၊ အီးမေးလ်တွေလည်း ခပ်ဝေးဝေးမှာ သွားနားလို့ရပါသည်။

မြတ်ကြီးကတော့ ပြောပါသည်။ အနာဂတ်ပုံဖော်စက်ကို

www.burmeseclassic.com

www.burmeseclassic.com



'အိပ်ချ်ဂျီဝဲလ်'စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးသည်ဟု ပြောပါသည်။

စာအုပ်ခေါင်းစဉ်တွေကို အလွတ်ရသော မြတ်ကြီးကို အိပ်ချ်ဂျီဝဲလ်၏ မည်သည့်စာအုပ်လဲ မေးတော့ သည်ကောင် ချွေးပြန်ပြီး စဉ်းစားမရပါဟု ပြောပါသည်။

၉၉

သေချာတာပေါ့။ အနာဂတ်အကြောင်း လျှောက်စဉ်းစားလို့ကတော့ ချွေးပြန်ဖို့သာ ပြင်ပေတော့။ အေးအေးသာ နေပါ။ အနာဂတ်ဟာ ကိုယ့်ဆီ အလိုလိုရောက်လာမှာ အမှန်ပါ။

ဘာမှမသိသော အနာဂတ်ကို ဂရုမစိုက်သော ကျွန်တော်သည်...

ဘာမှမသိဘဲ ပစ္စုပ္ပန်မှာ လုပ်မြဲနေမြဲအတိုင်းနေရင်း ကံ့ကော်တောအုပ်ကြီးထဲမှာ ပညာသင်နေဆဲပင် ဖြစ်ပါသည်။

၉၉ ၉၉ ၉၉

www.burmeseclassic.com

www.burmeseclassic.com

# ပြဿနာမှ စတင်၍

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တွေ ဖတ်ရတာထက်

အမျိုးသမီးတစ်ယောက် ပြောတဲ့

စကားတွေ...

နားထောင်ရတာက

အဆင်ပြေဆုံးပါပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com



- ၃ -

အတန်းက သည်နေ့ပြီးတာ တစ်ချိန်စောသည်။ Prose သင်သော ဆရာမကြီးက အစည်းအဝေးရှိလို့ ဖြစ်သည်။ ကျွန်တော်လည်း မြတ်ကြီးရှိသည့် ဒဿနိကဗေဒ စာသင်ခန်းများရှိရာသို့ ထွက်လာခဲ့သည်။ မနေ့က သည်ကောင့်အိမ်က ငွေပို့သဖြင့် သူ့လက်ထဲမှာ ငွေစကြေးစ အတော်ရွှင်လို့နေသည်။ သည်တစ်ပတ်တာအတွက်တော့ သည်ကောင့်စကားတွေ ဆန့်ကျင်ဝေဖန်ခြင်းမရှိဘဲ အပြည့်အဝကြီး ထောက်ခံလိုက်ဦးမည်။ ဒါဆို သည်တစ်ပတ်အတွက် ကျွန်တော့်လက်ထဲမှာ အနည်းငယ်ရှိနေသေးသော ဖွတ်ကလိဒင်္ဂါးတွေ ကုန်စရာအကြောင်း မရှိတော့။

'ရဲကျော် လာဟေ့'

အတန်းထဲမှာများ မြတ်ကြီးရှိလေမလား ကြည့်တော့ မြတ်ကြီးတို့အတန်းကလည်း စောပြီးဆင်းသွားသဖြင့် စားသောက်ဆိုင်တန်းမှာ ရှိမှာပဲလို့ဆိုပြီး ကျွန်တော် လာခဲ့သည့်အခါ 'ရွှေ'စားသောက်ဆိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



မြတ်ကြီးကို သူ့သူငယ်ချင်းအချို့နှင့် တွေ့ရသည်။ အဲ… ပြီးတော့ တစ်နေ့က ကျွန်တော်နှင့် ခလုတ်ဝင်တိုက်မိသော နည်းပြဆရာမလေး ထားခင်ခင်ပါ ရှိလို့နေသည်။

ထားခင်ခင်က ကျွန်တော့်ကို မသိမသာ အကဲခတ်လိုက်တာကို ကျွန်တော် သတိထားမိသွားသည်။

'ရဲကျော်… ငါတို့နဲ့ အတူတူပဲ ဝိုင်းစားလိုက်၊ ငါ ထမင်းဖြူ မှာပေးမယ်၊ ဒီနေ့တော့ ဆရာမထားခင်ခင်ကို လာဘ်ထိုးတာပေါ့၊ ကျူတိုရီယယ်ဖြေရတာ နည်းနည်းပါးပါး ဘေးကို မေးလို့ရလို့ ထမင်း ကျွေးတာ၊ ပြီးတော့ ဟောဒီစာအုပ်ရတဲ့ အထိမ်းအမှတ်ပေါ့ကွာ'

ဆရာမလေး ထားခင်ခင်က မသိမသာ ပြုံးလိုက်တာ တော် တော့်ကို လှပါသည်။ မှတ်တမ်းတင်ခွင့်ရှိမည်ဆိုလျှင် ထိုအပြုံးကို မှတ်တမ်းတင်ချင်မိပါသည်။

'ဒီစာအုပ်က တို့လို ဒဿနိကဗေဒ အထူးပြုယူထားတဲ့သူ တွေ တကယ်ဖတ်သင့်တယ်၊ ဒါက အိုင်ဒီယိုလိုဂျီ အသစ်၊ ဖရန့်စစ် ဖူကူးယားမားက ဒီ End of History ဆိုတဲ့ သမိုင်းရဲ့နိဂုံးဆိုတဲ့ စာအုပ် ကိုရေးရင်း ကမ္ဘာကျော်တာ ဒီနေ့ခေတ် ကမ္ဘာ့သမိုင်းအမြင်ကို ဝေဖန် ထားတာ၊ သမိုင်းဟာ ပြီးဆုံးပြီဆိုတဲ့သဘော၊ သမိုင်း မရှိတော့ဘူးပေါ့ ကွာ'

'အား… ခဲပါလာပါလား၊ အား… လား… လား…'

ကောင်းလိုက်သည့် မြတ်ကြီးတစ်ယောက် ကောင်းကောင်း မစားဘဲ သူ့ဝသီအတိုင်း အလွတ်ကျက်ထားသော စကားလုံးတွေနှင့်

www.burmeseclassic.com

www.burmeseclassic.com



သူဝယ်လာသော စာအုပ်အကြောင်း ပြောရင်းက ကုန်းဘောင်ကြီး ကြော်ကို ဖွန်းနှင့်ခပ်ပြီး ထမင်းနှင့်ရောကာ ပါးစပ်ထဲထည့်ပြီး အဝါး မှာ ထမင်းထဲပါလာသော ခဲလုံးက ကလိလိုက်သောကြောင့် ဖြစ် သည်။ ကျွန်တော့်မှာ သည်ကောင့်ကို ကလိချင်လိုက်တာ မပြောပါနှင့်၊ ဘစ်ပတ်တာကိစ္စရှိနေလို့ ဖြစ်သည်။

'ကိုမြတ်ကြီး… စောစောက ပြောတာ ကျွန်မ နည်းနည်း ဆွေးနွေးလို့ ရမလား'

'ရပါတယ်… ဆရာမ၊ ဆွေးနွေးပါ'

မထင်မှတ်ဘဲ ထားခင်ခင်က ပြောလိုက်သဖြင့် မြတ်ကြီးက စားနေရင်းမှ ခေါင်းညိတ်ပြလိုက်သည်။ ကျွန်တော် နည်းနည်းစိတ်ဝင် စားသွားပါသည်။ မြတ်ကြီးကို ဆရာမ ထားခင်ခင်က ဘာပြောလေ မလဲလို့။

'စောစောက ကိုမြတ်ကြီး ပြောသွားတဲ့ထဲမှာ သမိုင်းရဲ့နိဂုံး ဆိုတာလေ၊ သမိုင်းဟာ ပြီးဆုံးသွားပြီဆိုတာပေါ့၊ ကျွန်မ အဲဒီမူရင်း စာအုပ်ကို ဖတ်တော့ ဖတ်ပြီးသွားပြီ၊ သိပ်တော့ မညက်သေးဘူးပေါ့၊ ကိုမြတ်ကြီး ပြောတဲ့အထဲမှာ သမိုင်းဟာ ပြီးသွားပြီ၊ သမိုင်းဟာ မရှိတော့ဘူးဆိုတာ နည်းနည်းလွဲသလားလို့'

'ဘယ်လိုလွဲတာလဲ ဆရာမ'

မြတ်ကြီးက စားပွဲခုံပေါ် ချထားသော စာအုပ်ကို လှမ်းကြည့် ရင်း မေးလိုက်သည်။

'END ဆိုတာ အဆုံးသတ်ခြင်းသဘော၊ နိဂုံးသဘောဆိုပေ

www.burmeseclassic.com



မယ့် အဲဒီ END ဆိုတဲ့ နိဂုံးဟာ Philosophy သဘောအရဆိုရင် Goal ဆိုတဲ့ ပန်းတိုင်ပဲ၊ ဒီတော့ သမိုင်းရဲ့ပန်းတိုင်လို့ ပြောလို့ရမယ် ထင်တယ်၊ ကျွန်မတို့နေထိုင်တဲ့ ကမ္ဘာကြီးရဲ့ Ideology အရဆိုရင် သမိုင်းကြောင်းခြင်းအရာတွေကို နိဂုံးဆွဲ ကောက်ချက်ချဖို့က အခု ပန်းတိုင်ကို ရောက်တာလို့ ပြောရမယ်ထင်တယ်၊ ဒါက ကျွန်မရဲ့ အမြင်ပေါ့နော်'

မြတ်ကြီး ဘာစကားမှ မဆိုနိုင်တော့ပါ။ ကြက်ကြီး လည် လိမ်သလို ဖြစ်သွားပါသည်။

တော်လိုက်တာ ဆရာမလေး ထားခင်ခင်။

ဆရာမလေး ရှင်းပြသည့် စကားလုံးတွေက တစ်လုံးချင်း ဗီသ ကြည်မြလို့ပါ။ ဘယ်လိုမှ မထင်ထားသည့် အယူအဆတစ်ခု ဆရာမလေး ထားခင်ခင် ပြောပြသွားတာ စဉ်းစားစရာအသစ် ဖြစ်သွား ပါသည်။

မြတ်ကြီးတစ်ယောက် ခံရတာ နည်းပါသေးသည်။ စာအုပ် တွေကို လူအထင်ကြီးအောင် ဟန်ပြကိုင်ပြီး စာအုပ်တွေထဲက အနှစ် အရသာကျတော့ ဘာမှမသိသည့် သည်ကောင် ဆရာမလေးထားခင် ဆီမှာ သုံးနှစ်သုံးမိုး တပည့်ခံဖို့ ကောင်းသည်။

ကျွန်တော့်အဖို့ စဉ်းစားမိပါသည်။ စာအုပ်တွေမဖတ် လောကကြီးမှာ ဆရာမ ထားခင်ခင်က စာအုပ်တွေထဲက အကြောင်း အရာတွေကို ပြောပြလျှင် ဘယ်လောက် မျက်စိညောင်းသက်သာမည် လို့။

www.burmeseclassic.com

www.burmeseclassic.com



သည်စကား ထားခင်ခင်သာ ကြားလို့ကတော့ ကျွန်တော့်ကို အတွေ့ခံပုံ့မှာက အမှန်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာမရှိပါဘူးဆိုမှ
ပြဿနာဆိုတဲ့ 'ငတိ'က
ကိုယ့်ကို အဖော်အဖြစ်
ခေါ်ဖြစ်အောင် ခေါ်သေး။



www.burmeseclassic.com

www.burmeseclassic.com



- ၄ -

သည့်နေ့ ကျောင်းပိတ်ရက်မို့ ကျွန်တော် နေသော 'စံရိပ်ငြိမ်' ထဲက 'ပန်းခရေ'အဆောင်မှာ ဝုန်းဒိုင်းကျဲနေတော့သည်။ တစ်ယောက်က လေးဖြူသီချင်းခွေ ကက်ဆက် အကျယ်ကြီးဖွင့်သည်။ ကျန်သည့်သုံးယောက်က ဂစ်တာတီးပြီး သီချင်းဆိုနေသည်။ တချို့က ရေကန်မှာ အဝတ်လျှော် ရေချိုးရင်း အော်ကြီးဟစ်ကျယ် စကားပြောနေကြသည်။ အဆောင်ရှေ့က ကွက်လပ်မှာ ထမင်းကျွေးကြေး ပိုက်ကျော်ခြင်း ခပ်နေသည့် အသံတွေကလည်း အပေါ်ထပ်ရှိ ကျွန်တော့်အခန်းပြတင်းပေါက်ထဲသို့ ကဆုန်ပေါက်ဝင်လာနေသည်။

သည့်ထက်ပိုဆိုးတာက ကျွန်တော့် အခန်းဖော် မြတ်ကြီးပဲဖြစ်သည်။

သူမဖတ်သော စာအုပ်တွေကို ပိုရှေ့သည်ရှေ့နှင့် အလုပ်ရှုပ်နေတာ လူနှစ်ဦး ဖင်ချင်းထိရုံသာသာရှိသော အခန်းငယ်လေးထဲမှာ ကျွန်တော့်ခမျာ ပိုရွှေ့ရ ဒီရွှေ့ရနှင့်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်သည်။

'မြတ်ကြီး… ပြုံးပန်းတစ်ရာမှာ လက်ဖက်ရည် သွားသောက်မယ်၊ လိုက်ဦးမလား'

'မင်းဘာသာ မင်း သွားကွာ၊ ငါ ဒီမှာ စာအုပ်စာရင်းတွေ ပြုစုရဦးမယ်၊ စာအုပ်တစ်အုပ်ရဲ့ အသက်ဟာ ဘယ်လောက်အရေးပါသလဲဆိုတာ လာလာငှားတဲ့လူတွေ သိအောင် ပြောရဦးမယ်၊ ခက်တယ်ကွာ… ငါဟာ စာအုပ်စာပေကို ချစ်မြတ်နိုးတာ မှားယွင်းစွာလူဖြစ်လာတာလား မသိဘူး'

ကျွန်တော် မှားသွားပါသည်။ ကျွန်တော် ဘာဖြစ်လို့ မြတ်ကြီးကို လက်ဖက်ရည်တိုက်ဖို့ ခေါ်မိသလဲလို့ သည်ကောင်က လည်း အချင်းချင်း ကိုယ့်ကိုပြန်ပြီး အတည်ပြောနေသည်။ သည်ကောင့်ဆီက ဘာမှစားဖို့ လမ်းမမြင်တော့။ အိမ်က ကျွန်တော့်ကို ငွေပို့ပြီးပြီ။ သည်ကောင့်ဆီမှာ ငွေစကြေးစက နည်းနည်းခန်းနေပြီ။ သည်တော့ ကပ်စရာရှိလျှင် သည်ကောင်သာ ကျွန်တော့်ကို ချဉ်းကပ်ရတော့မည်။

သည်တော့…

'ငပေါ… ငရူး… ငကြောင်… မင်းဘာသာ မင်း နေခဲ့'

'ပညာရှိတွေကို ဒီလိုပဲ အရူး၊ အပေါ၊ အကြောင်လို့ ထင်ကြတာပဲကွာ၊ ရဲကျော် ပြောပါ ရပါတယ်၊ ဂရိခေတ်က ဆိုကရေးတီးဆိုရင်လည်း ငါ့လိုပဲ'

ကျွန်တော် သည်ကောင့်ကို မေတ္တာတွေ အတုံးလိုက်ပို့ပြီး

www.burmeseclassic.com

www.burmeseclassic.com



အဆောင်ကနေ လှည်းတန်းရှိ ပြုံးပန်းတစ်ရာ လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့သည်။

သည်မှာပဲ…

၃

လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်နေတုန်း မထင်မှတ်ဘဲ ဆရာမလေးထားခင်ခင်ကို တွေ့ရသည်။ လက်ထဲမှာလည်း ခေါက်ထားသော ဆာလာအိတ်အချို့ကို ကိုင်ထားသည်။

'ဆရာမ… လက်ဖက်ရည်သောက်ပါဦး'

ဆိုင်ရှေ့က စားပွဲခုံမှာ လက်ဖက်ရည်သောက်နေသဖြင့် လှမ်းခေါ်သောအခါ ထားခင်ခင်က ပြုံးလိုက်သည်။

'မသောက်တော့ပါဘူး၊ အဆောင်ပြောင်းမလို့'

'ဘယ်အဆောင်ကို ပြောင်းမှာလဲ ဆရာမရဲ့၊ လာပါ… လက်ဖက်ရည်သောက်ပါဦး'

ကျွန်တော်က အတင်းအကျပ်ခေါ်သဖြင့် ဆရာမလေး ထားခင်ခင်က လက်ထဲမှာ ကိုင်ထားသော ဆာလာအိတ်ခေါက်ထားသော အထုပ်ကို ထိုင်ခုံအလွတ်တစ်လုံးပေါ် ချပြီး ကျွန်တော့်အနီးနားရှိ ခုံမှာ ဝင်ထိုင်လိုက်သည်။

'လက်ဖက်ရည် လုပ်ပါဦးဟေ့'

ကျွန်တော်က လက်ဖက်ရည် လှမ်းမှာလိုက်သည်။

'ဘာဖြစ်လို့ အဆောင်ပြောင်းတာလဲ ဆရာမရဲ့'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မေးလိုက်သည့်အခါ ထားခင်ခင်က…

'ကျွန်မနဲ့ အခန်းဖော်နေတဲ့ ရုံးကအရာရှိမက သိပ်ဂျီဂျောင်နိုင်တာ၊ ကျွန်မက မီးဖွင့်ပြီး အိပ်တတ်တယ်လေ၊ သူက မီးမှိတ်အိပ်တတ်တယ်၊ သူ့ကျတော့ ဒီလောက် အခန်းကျဉ်းကျဉ်းလေးထဲမှာ ဘယ်ကနေ ဘယ်လို ရှာထားသလဲမသိတဲ့ ကက်ဆက်ဓာတ်လမ်းတိပ်ခွေတွေ နေ့တိုင်းဖွင့်တာ၊ ညဘက် စာဖတ် စာကြည့်လို့ မရဘူး၊ ဒါတင်မကဘူး၊ ကက်ဆက်ဓာတ်လမ်းက ငိုစရာပါရင် သူက အော်ကြီးဟစ်ကျယ် ငိုလိုငို၊ သမီးရည်းစား ကြည်နူးစရာလို ဓာတ်လမ်းထဲက အသံကြားရရင် ဖက်ခေါင်းအုံးကို ရည်းစားအမှတ်နဲ့ လုပ်လိုလုပ်နဲ့၊ ကြာကြာနေတော့ အခန်းပြောင်းဖို့ကလည်း နေရာမရှိ၊ မနေ့ညကဆို ပိုဆိုးတယ်'

ဆရာမလေးက ကျွန်တော့်ကို ရှင်းပြနေရင်းမှ မှာထားသောလက်ဖက်ရည်ကို သောက်လိုက်သည်။

ပြီးမှ…

'ကျွန်မက ညတိုင်း ဘုရားရှိခိုးတိုင်း အရပ်ရှစ်မျက်နှာကိုမေတ္တာပို့တယ်၊ မနေ့ညက မေတ္တာပို့တော့ အနောက်အရပ်၌ရှိကုန်သော ဝေနေယျသတ္တဝါတွေ ကျန်းမာကြပါစေဆိုပြီး မေတ္တာပို့ အသံထွက် အမျှဝေတာ အသံက နည်းနည်းကျယ်သွားတာ ဘုရားမရှိခိုးတဲ့သူ့ကို စောင်းချိတ်ပါတယ်ဆိုပြီး ရန်လုပ်ပြီး စကားများတာ ယောက်ျားလေးတွေလို နပန်းမလုံးရုံတမယ်ပဲ'

'ဗျာ… မေတ္တာပို့ရင်း ရန်ဖြစ်တာ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေး ထားခင်ခင်က ပြုံးရင်း ခေါင်းညိတ်ပြပါသည်။

'ဒါနဲ့ ဆရာမတို့ ထိုးလားကြိတ်လား ဖြစ်သေးလား'

'ထိုးတော့ မထိုးဘူး၊ ဒီမိန်းမကို ဆံပင်ဆွဲပြီး ပါးရိုက်လိုက်တယ်'

'ဗျာ…'

ကျွန်တော် အံ့အားသင့်သွားပါသည်။ ရုပ်ကလေးနှင့်မလိုက်အောင် လက်သံပြောင်လှသည့် ဆရာမလေး ထားခင်ခင်။ ဩော်… မေတ္တာပို့တာကလည်း မပို့တတ်လျှင် ရန်ဖြစ်တတ်သော သင်ခန်းစာကို ကျွန်တော် ကောင်းကောင်းသဘောပေါက်သွားပါသည်။

'ဒါဆိုလည်း ဆရာမလေးပြောင်းမယ့်အဆောင်ကို ကျွန်တော် ပစ္စည်းတွေ ဝိုင်းသယ်ပေးပါ့မယ်'

'အို… နေပါစေ၊ ရပါတယ်၊ ဒီမှာ ပစ္စည်းတွေထည့်ဖို့ သုည်းတန်းဈေးက ဆာလာအိတ်တွေ ဝယ်လာတယ်'

ယခုမှပဲ ထားခင်ခင် ဆာလာအိတ်တွေ ဝယ်လာတာကို ကျွန်တော် သဘောပေါက်သွားပါသည်။

'မပျော်တာဘဲ ဆရာမလေးရယ်၊ ကူညီတာပဲဟာ'

'ဒါဆိုလည်း ပြီးရောလေ… နက်ဖြန်ကျမှ ကင်တင်းမှာ ထုပ်အားပေးခ ထမင်းကျွေးမယ်'

'အိုကေ… ဒါဆို ဒီည ကျွန်တော် ဝမ်းနုတ်ထားလိုက်မယ်'

ဆရာမလေး ထားခင်ခင်က ဘာသဘောကျလေသလဲ မသိ ရယ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကတော့ ဆရာမလေး ထားခဲ့ခင် ရယ်တာကို တဝကြီး ထိုင်ကြည့်နေမိပါသည်။

၁၈

လှသောမိန်းကလေးတွေများ ရယ်တာတောင် ပိုလှလှသွားတာကိုက သင်းတို့တွေ မွေးရာပါအရ တစိမ့်စိမ့်လှလာသည့် ကံဇာတာ ပါလို့ပဲ ဖြစ်ရပါလိမ့်မည်။

၁၈ ၁၈ ၁၈

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ခတွေ့တာက

တကယ်ပါပဲ

ကြုံမှ ကြုံတတ်လွန်းလို့



www.burmeseclassic.com

www.burmeseclassic.com



## - ၅ -

ဆရာမထားခင်ခင် အဆောင်သို့ ရောက်သောအခါ ပစ္စည်းတွေကို ထည့်ထားသော ဆာလာအိတ်များ၊ သေတ္တာများကို ကြည့်ပြီး မိသားစုတစ်စု အိမ်ပြောင်းမလား မှတ်ရသည်။ သည်လောက် ဖင်ချင်းတိုက်၊ ကျဉ်းကျပ်နေသော အခန်းထဲ သည်ပစ္စည်းတွေ ဘယ်လိုထားသလဲလို့။

ကျွန်တော်က ဒတ်ဆန်းကားကို ငှားပေးပြီး ပစ္စည်းတွေကို အဆောင်မှ အလုပ်သမားအမျိုးသမီးနှင့် ထားခင်ခင် ကျွန်တော် ထိုင်စောင့်နေသော ကွပ်ပျစ်နားမှာ ပစ္စည်းတွေလာချတာကို ထိုင်ကြည့်နေမိသည်။

'မောင်လေးက ထားခင်ခင်နဲ့ ဘယ်လိုပတ်သက်လဲ'

ကျွန်တော့်အနီးနားသို့ အသက်သုံးဆယ့်ရှစ်နှစ်အရွယ် အမျိုးသမီးတစ်ဦးက ရောက်လာရင်း မေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'မိတ်ဆွေပါ… ကျောင်းမှာ ခင်ကြတာပါ၊ အခု အဆောင်ပြောင်းမှာမို့ ပစ္စည်းတွေ လာကူသယ်ပေးတာ၊ ပစ္စည်းတွေကလည်း များလိုက်တာဗျာ'

ကျွန်တော်က ဝေဖန်ချက်ပေးတော့ အမျိုးသမီးက…

'အဲဒီ သူ့ပစ္စည်းတွေကြောင့် အစ်မမှာ နေလို့မရတာ၊ အစ်မက သူ့အခန်းဖော်ပါ၊ တစ်ခန်းလုံး သူ့ပစ္စည်းတွေချည်းပဲ၊ တစ်နေ့တစ်နေ့ ရှောင်နေရတာနဲ့ ရှုံးနောက်ကျ ဘာနောက်ကျနဲ့၊ ဒါတွေလည်း ခွင့်လွှတ်လို့ ရပါသေးတယ်၊ အစ်မက ဘုရားရှိခိုးရင် စိတ်ထဲကနေပဲ ရှိခိုးတတ်တာ၊ သူက အသံထွက်ရှိခိုးတယ်လေ၊ အစ်မက အစ်မ ဘုရားရှိခိုးတဲ့အကြောင်း တခြားလူတွေကို ပြောပြတာ သူက အသံ တိတ် ဘုရားရှိခိုးလို့က အသံမကြားရလို့ မကျွတ်မလွတ်တဲ့သူတွေ သာဓုခေါ်နိုင်မှာမဟုတ်ဘူးဆိုပြီး ပြောတယ်လေ၊ အဲဒီကစပြီး သူက အသံကျယ်ကျယ်နဲ့ ဘုရားရှိခိုး မေတ္တာပို့ရင်းက ရန်ဖြစ်တာပဲ၊ ရုပ် ကလေးလှသလောက် စိတ်ပုပ်တဲ့ဟာမ'

'ဒီမှာ စိတ်ပုပ်တဲ့ဟာမဆိုတာ ဘယ်သူ့ကို ပြောတာလဲ'

စိတ်ရှည်လက်ရှည်နှင့် ရင်တွင်းဖြစ်တွေကို အပီ ရင်ဖွင့်နေ သော ထားခင်ခင်၏အခန်းဖော် အမျိုးသမီးနားသို့ ထားခင်ခင်က ရောက်လာပြီး ဆာလာအိတ်ကို ပစ်ချလိုက်ရင်းမှ အော်ပြောတာ ဖြစ် ပါသည်။

'စိတ်ပုပ်လို့ စိတ်ပုပ်တယ်ပြောတာ ဘာဖြစ်လဲ၊ ဒီလောက် ဝမ်းထဲမှာ အပုပ်တွေများနေတာ ညည်း ဝမ်းနုတ်ဆေးသောက်ဦး'

www.burmeseclassic.com



'ဘာဝမ်းနုတ်ဆေးမှ သောက်စရာမလိုဘူး၊ ကိုယ့်ဘာသာကိုယ် စိတ်ပုပ်တိုင်း ကိုယ့်ရုပ်ကို မှန်ထဲပြန်ကြည့်ဦး ဘာပုံပေါက်နေပြီလဲလို့'

'အံမယ်… ညည်းက ငါ့ကို ပြောရတယ်ရှိသေး၊ ငါ့ရုံးမှာ ကောင်လေးတွေက မမရဲ့ရုပ်က နုသထက်နုလာတယ်ဆိုပြီး ပြောနေကြတာ'

ကျွန်တော် မှားပြီ။ သည်အမျိုးသမီးဆောင်ကို ကျွန်တော် လိုက်လာမိတာကိုက မှားပြီလို့။ စကားရည်လုပွဲအလား မိန်းမသားနှစ်ယောက် သူတင်ကိုယ်တင် စကားနိုင်လုပြောတာ ကျွန်တော့်အတွက် ဘဝမှာ ပထမဦးဆုံးအကြိမ်ပင် ဖြစ်သည်။

'တော်ပါ ဆရာမလေးရယ်၊ ကိုယ်က ဆရာမဖြစ်နေတာ၊ ဒီကအစ်မကလည်း တော်တော့၊ အစ်မက အရာရှိလေ၊ တော်ကြာ သိက္ခာကျစရာတွေ ဖြစ်ကုန်ပါမယ်'

သိက္ခာကတော့ ထိုနှစ်ယောက်အတွက် ကျမလား မကျလား သိ။ အမျိုးသမီးအဆောင်ရှိ အဆောင်နေ အမျိုးသမီးတွေကတော့ သူ ငါ အခန်းရှေ့တွေမှာ မတ်တတ်ရပ်ရင်းက စပ်စုသောအကြည့် တွေနှင့် ကြည့်နေကြသည်။

'ဆရာမ… ပစ္စည်းတွေ ကားပေါ်တင်မယ်၊ ကားဆရာ လောက် မုန့်ဟင်းခါးစားလေဗျာ'

ပွဲကို မြန်မြန်ဖြတ်ရပေတော့သည်။ ကားဒရိုင်ဘာနှင့် အတူ ပစ္စည်းတွေကိုတင်ရင်း ပစ္စည်းတွေကို တင်ပြီးသောအခါ ထားခင်

www.burmeseclassic.com

www.burmeseclassic.com



ခင်ကို ကားခေါင်းခန်းမှာ ထိုင်ခိုင်းပြီး နောက်ထပ် အသစ်ပြောင်းလာမည့် မာလာဆောင်မှတ်တိုင်ရှေ့ လမ်းသွယ်ထဲက အဆောင်ဆီသို့ ကားသမားကို အမြန်မောင်းခိုင်းရသည်။

၃၈

မထင်မှတ်ဘဲ ပြဿနာဖြစ်တာကို အစပြုရင်းမှ ထားခင်ခင်နှင့် ပိုမိုရင်းနှီးလာခဲ့ပါသည်။

ထားခင်ခင်နှင့် ပတ်သက်ပြီး နောက်ထပ် ဘယ်လိုဇာတ်လမ်းတွဲတွေ တွေ့ရလေမလဲ မသိတော့ပါ။

၃၈ ၃၈ ၃၈

www.burmeseclassic.com

www.burmeseclassic.com

# ချိုမြိန်ဒုက္ခအကြောင်း

www.burmeseclassic.com

www.burmeseclassic.com

လူထဲမှာနေပြီး
ဘဝဆိုတဲ့ဟာကြီးကို
ပေါ့ပေါ့လေးလို့
သတ်မှတ်တဲ့သူတွေလည်း
လူ့အဖွဲ့အစည်းကြီးထဲမှာ ရှိနေတာ
ဆန်းသလားဗျာ။



www.burmeseclassic.com



**- ၆ -**

မနက်စောစော မေဂျာအချိန် နှစ်ချိန်ဆက်တက်ရတာကို ကျွန်တော် တော်တော်မုန်းပါသည်။ စဉ်းစားကြည့်လေ။ အိပ်ရာက ထလာ မျက်နှာတွေ ဘာတွေသစ်ပြီး အဆောင်ကနေ ကျောင်းကို ပြန်းလာရတာ မနက် လက်ဖက်ရည်ဆိုင်ထိုင်ချိန်ပင် မရှိ။ တစ်ခါ တည်း လက်ဖက်ရည်ကို မြန်မြန်သောက် အတန်းကို မီအောင်ပြေးရ နှင့် လက်ဖက်ရည်အရသာ ဘယ်လိုမှန်း မသိလိုက်။ 'လက်ဖက်ရည် သောက်ခြင်း အနုပညာ' စကားနှင့် ပြောရလျှင်တော့ တော်တော်လေး နှမျောလှပါသည်။

ကျွန်တော့်အတန်းချိန် အင်္ဂလိပ်စာကျွမ်းကျင်မှု ဘာသာရပ် က မနက် ခုနစ်နာရီခွဲမှာ စသည်။ ဒါက တစ်ပတ်ကို တနင်္လာနေ့ ကနေ ကြာသပတေးနေ့အထိ ဆက်တိုက်ဖြစ်သည်။ ဘယ်လိုမှ အတန်း လစ်လို့မရ။ Lab အခန်းဝင်ပြီး Ear Phone တွေ ဘာတွေနှင့် ထိုင်ရတာ ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ဘာသာက စာမေးပွဲမှာ ကျလို့မရ။ သည်ဘာသာကျလျှင် နောက်ဘာသာ ဘယ်လောက်အောင်အောင် အမှတ်တင်ပေးလို့ မရ။ ထို့ကြောင့် ဆရာမကလည်း အသားကုန်သင်ပါသည်။ ကျွန်တော်ကလည်း ထိုအချိန်တွေကို နှစ်ကျကလည်းဖြစ်ပြန် သင်ပြီးသားတွေမို့ အသားကုန် ပျက်ပါသည်။ အေးအေးဆေးဆေး ဦးချစ်လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး DRAMA ချိန်ရောက်မှ အတန်းကို ဝင်ပါသည်။

ကျွန်တော့်အခန်းဖော် မြတ်ကြီးတို့ကျတော့ သူတို့ ဒဿနိကဗေဒအတန်းတွေက မနက်ကိုးနာရီကနေ နေ့လယ် သုံးနာရီအထိဆိုတော့ အတန်းကို လက်ဖက်ရည်တွေ ဘာတွေ သောက်ပြီးမှ တက်လို့ရသဖြင့် အေးအေးဆေးဆေးဟု ပြောရပါလိမ့်မည်။ ကျွန်တော်တို့က နေ့လယ် ဆယ့်နှစ်နာရီဆို အတန်းပြီးပြီ။

ထို့ကြောင့် အတန်းပြီးချိန်ကစလို့ အဆောင်ပြန်ပြီး စာကျက်မလား၊ အဝတ်လျှော်မလား၊ ဒါမှမဟုတ် ဘယ်ကို သဝေထိုးမလဲ သွားချင်တာ သွားလို့ရသည်။

အခုဆို ပိုတောင်ဆိုးသေးသည်။

ဆရာမ ထားခင်ခင်နှင့် ခင်မင်မိသွားကတည်းက မြတ်ကြီးတို့ စာသင်ခန်းရှိရာ ဝိဇ္ဇာခန်းမဘက်သို့ ခဏခဏ ရောက်နေမိတာကို မြတ်ကြီးက ခနဲ့ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရဲကျော်… မင်းကို ဆရာမ ဒေါ်ဝေဝေက သူ့အခန်းလာခဲ့ ဦးတဲ့'

DRAMA ဆရာမကြီး စာသင်ဖို့မလာသေးခင် အတန်းထဲ ဝင်လာသော ကျွန်တော့်အား ကျွန်တော်နှင့် တစ်ခုံတည်းထိုင်သူ ဝေဦးမောင်က ပြောလိုက်သည်။

'ဝေဦးမောင်ရာ… ဆရာမက ငါ့ကို အတန်းမတက်လို့များ ခေါ်ဆူမလား မသိဘူး၊ အတော်အတန်ကျောင်းမျိုးဆို အိမ်ကို တိုင်စာ ပို့ခံရပြီဟေ့'

'ဆရာမ ခေါ်တာတောင် နည်းသေးတယ်၊ မင်းကရော အတန်းမှန်လို့လား၊ သူ့အချိန်တွေဆို မင်း တက်တာ နှစ်ရက်လားပဲ ရှိတယ်'

'ငါ သင်ပြီးသားတွေမို့လို့ပါကွာ'

စာမေးပွဲကျသူများ၏ ဒုက္ခကား ဒါပါပဲ။ ကိုယ်သင်ထား ပြီးသားတွေ ပြန်သင်ရသဖြင့် ထိုစာများကို အလွယ်တကူရပြီးသားပဲ ဟု အသားကုန် ထင်မြင်ကြသည်။ တကယ်တော့ ကိုယ်စာမရလို့ ကိုယ့်ဘာသာနှင့်ပဲဖြစ်ဖြစ် စာမေးပွဲကျရှုံးရှုံး စာမရလို့ကျတာဆိုသည့် အကြောင်းအရာကိုတော့ တမင်တကာ မသိချင်ယောင်ဆောင်နေကြ ပါသည်။ မေ့လျော့ချင်ယောင် ဆောင်ကြပါသည်။

ထိုအထဲမှာ ကျွန်တော်လည်း ပါဝင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'မောင်ရဲကျော်… မင်း တီချယ့်အချိန်တွေပျက်တာ တော်တော်များနေပြီ၊ ပါမောက္ခကို တီချယ်တို့က Roll Sheet နေ့တိုင်းတင်ရတာ၊ တီချယ့်ဘာသာမှာ အတန်းပျက်ခွင့်မရှိရဘူးလို့ ပါမောက္ခက မှာထားတယ်၊ ဒီဘာသာက အင်္ဂလိပ်စာကျွမ်းကျင်မှုဆိုတော့ မင်းတို့ ဘွဲ့ရတဲ့အခါ အလုပ်ခွင်ထဲရောက်ရင် ကိုယ်သင်ကြားတတ်မြောက်ခဲ့တဲ့ ဘာသာကို ကျွမ်းကျင်စေချင်လို့ရယ် လူအထင်သေးမခံရအောင်လို့ တတ်အောင်သင်ကြားပေးရမယ်လို့ ညွှန်ကြားထားတာ၊ အချိန်အရမ်းပျက်ရင် ကျောင်းထုတ်ပစ်မယ်လို့ ပြောတယ်၊ အဲဒါ မင်းက အဲဒီလိုဖြစ်နေပြီ၊ ဒါကြောင့် သတိပေးတာ၊ မင်းက တစ်နှစ်ကျထားတော့ အပြင်ဖြေဆို အောင်ဖို့မလွယ်ဘူး၊ မင်း အတန်းချိန်တွေပျက်မယ်ဆို ဆရာမလည်း ဘာမှမတတ်နိုင်ဘူး'

ဆရာမ နားနေသည့်အခန်းထဲ ရောက်ရောက်ချင်းဆိုသလိုကျွန်တော့်ကို ထိုင်ခိုင်းပြီး ရေမသောက်ဘဲ ဆရာမခမျာ သတိပေးစကား ဆိုပါသည်။

တကယ်တော့ တာဝန်အရ မိမိရာထူးအရ ဆုံးမစကားပြောကြားခြင်းကို ဆရာမကိုယ်စား ကျွန်တော် နားလည်ပေးနိုင်ပါသည်။

ა

ကျွန်တော်လည်း ဘာမို့လို့လဲ။ ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝကို ခုံမင်နှစ်သက်လွန်းလို့ ကုံကော်အုပ်ကြီးထဲ ပညာတော်ရှာမိတာ သည်ပရဝုဏ်နှင့်ဝေးမှာကိုတော့ ထိတ်လန့်မိပါသည်။

ა

www.burmeseclassic.com



မည်သူမဆို အမိန့်အာဏာကို မကြောက်ဘူးဆိုပြီး နည်းနည်းတော့ စည်းဖောက်ပေမယ့် နောက်တော့လည်း ထိုအမိန့်အာဏာတွေကို လေးစားရတာပါပဲ။

၀၀

ကျွန်တော်ကရော။ အမိန့်အာဏာကို မလေးစားလို့ ရမလား။

ကျောင်းသားတိုင်း ကျွန်တော့်လိုပဲ ဖြစ်မှာပေါ့။

နောက်နေ့ကစပြီး အတန်းမပျက်တော့ဘူးဟု သန္နိဋ္ဌာန်ချလိုက်ပါသည်။

၀၀

ကျောင်းကအထုတ်ခံရပြီး အဖြစ်မျိုးကဲ့သို့ ပေါ့ပေါ့လေးပါပဲဆိုပြီး ရည်မှန်းချက်တွေ အပျက်ခံပြီး ပရဂုဏ်အပြင်ဘက်သို့ ရောက်သူတွေ မည်ရွေ့မည်မျှ ရှိလေသလဲဆိုတာ ဦးချစ်လက်ဖက်ရည်ဆိုင်မှာ အတန်းကိုမတက်တော့ဘဲ တွေးနေမိပါတော့သည်။

၀၀ ၀၀ ၀၀

www.burmeseclassic.com

www.burmeseclassic.com

သောကဆိုတာကို

တချို့က

ကြေးအိုးဆီချက်နဲ့

ဥပမာပေးတယ်။

ကောင်းရောပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



- ၅ -

'ရဲကျော်… အခုတစ်လော မင်းက အတန်းတွေ ဘာတွေ ဆော်တော်မှန်နေတာပဲ၊ ဒါပေမဲ့ကွာ… ပညာရှာ ပမာသူဖုန်းစား ဆိုတဲ့နီတိကို ဘယ်ဥပေက္ခာပြုလို့ ရမလဲကွာ၊ ဟောဒီ ငါတို့ ပညာသင် ကြားတဲ့ တက္ကသိုလ်ကြီးက ပညာသိုမှီးလို့ မကုန်ပါဘူးကွာ'

စောစောစီးစီး ကျွန်တော့်ခြင်ထောင်ကိုဖွင့်ပြီး အဆောင်မှာ ဘယ်အချိန်ကတည်းက အိပ်ရာက နိုးနေမှန်းမသိသည့် မြတ်ကြီးက သြဝါဒစကားတွေ လာခြွေနေပြန်ပါသည်။ ကျောင်းပိတ်ရက်မို့ နည်း နည်းပါးပါးပိုပြီး အိပ်ရာထဲကွေးမလားလို့ စည်းစိမ်ယူနေတုန်းမှာ သည် မြတ်ကြီးကြောင့် စိတ်တော်တော်ညစ်သွားပါသည်။

'မြတ်ကြီးရာ… လူတစ်ယောက်ရဲ့ အနားယူချိန်ကို မနှောင့် ယှက်ရဘူးဆိုတာ မင်း မသိဘူးလား၊ အခုလို စောစောစီးစီးမျိုးမှာ သာတောင် မလုပ်သင့်ဘူး၊ မင်းကို လောကနီတိ ပြန်ဖတ်ခိုင်းရမယ်'

www.burmeseclassic.com



မြတ်ကြီးက ခြင်ထောင်ကြိုးတွေကို ဆောင့်ဆွဲဖြုတ်လိုက်ပါသည်။

'ဟေ့ကောင်··· မင်း ဘာလုပ်တာလဲ၊ ဟာကွာ···'

ကျွန်တော် ဒေါသတော်တော်ထွက်သွားပါသည်။ ဘယ့်နှယ်ဗျာ··· လူတစ်ယောက်လုံး အိပ်နေတာ ဘာလို့ သည်ကောင် ခြင်ထောင်ကြိုးတွေ ဖြုတ်ချပစ်သလဲလို့။

'အရူး··· မင်းကလေ တယ်လည်း ဒုံးဝေးတာပဲ၊ နာရီကို ပြန်ကြည့်ဦး၊ ဟောဒီမှာ တွေ့လား၊ ဆယ်နာရီ ထိုးနေပြီ၊ ထ··· မျက်နှာသစ်၊ မာလာဆောင်ရှေ့က 'ဟိုင်းဟိုင်း' လက်ဖက်ရည်ဆိုင်ကို သွားမယ်'

ခြုံထားသောစောင်ကို ဖယ်လိုက်ပြီး မြတ်ကြီး လက်မှာပတ်ထားသည့် နာရီကို ကျွန်တော် ကြည့်လိုက်တော့ မြတ်ကြီး ပြောသည့်အတိုင်း မနက်ဆယ်နာရီတိတိရှိနေပြီ ဖြစ်ပါသည်။ ကျွန်တော်က ညကတည်းက အိပ်တာ တစ်ရေးမှမနိုးသဖြင့် အဆောင်က ကျောင်းသားတွေကလည်း အပြင်သွားနေပြီဆိုတော့ တိတ်ဆိတ်နေသည်ကို မနက်အစောကြီးဟု ကျွန်တော်က ထင်နေခြင်း ဖြစ်ပါသည်။

'ဒါပဲပေါ့ကွာ··· ကမ္ဘာကျော် စစ်ဘုရင် နပိုလီယံက ပြောတာ ဝါတာလူးစစ်ပွဲမှာ သူ ရှုံးသွားရတာ သုံးမိနစ်ပဲ နောက်ကျသွားလို့တဲ့၊ တစ်ခါတည်း စိန့်ဟယ်လီကျွန်းမှာ စစ်သုံ့ပန်းဖြစ်သွားတာ ဒါကြောင့် အချိန်ကို လေးစားရမယ် ရဲကျော်၊ စစ်ဘုရင်နပိုလီယံဟာ တို့အတွက် သာကေပဲ'

www.burmeseclassic.com

www.burmeseclassic.com



မြတ်ကြီးနှင့် သူငယ်ချင်းဖြစ်ရတာ တော်တော်စိတ်ညစ်စရာကောင်းနေပါသည်။ မျက်နှာသစ်သည့်နေရာကို သည်ကောင်ကလိုက်လာပြီး သူ ပြောချင်တာတွေ ပြောနေပြန်ပါသည်။ ဘာမှ အလိုက်ကန်းဆိုးလည်း နားမလည်။ သည်ကောင့်ကိုတော့ နည်းနည်းတော့ ပညာပေးရမည်လို့။ သည်လောက် ဩဝါဒမှတ်တမ်း ခြွေချင်သည့်ကောင် တွေ့ပြီလို့။

မျက်နှာသစ်ပြီးသည့်အခါ ကျွန်တော် အိမ်သာရှိရာသို့သွားပြီး အိမ်သာတံခါးကိုဖွင့်ကာ အထဲသို့ ဝင်လိုက်ပါသည်။

'မြတ်ကြီးရေ… လာပါဦးကွာ၊ စောစောက စကားလေး ဆက်ပါဦး၊ ကြားချင်လို့ဟ'

'လာပြီဟေ့'

အိမ်သာနားထိ လိုက်လာသော မြတ်ကြီးတစ်ယောက် ဘာစိတ်ကူးရသည်မသိ လှည့်ထွက်မည်အလုပ်မှာ ကျွန်တော်က အိမ်သာထဲကနေ အသံပြဲကြီးနှင့် လှမ်းအော်လိုက်သဖြင့် အိမ်သာနားသို့ မြတ်ကြီး ပြန်လှည့်လာပါသည်။ သည်ကောင် ပြန်ထူးသံက အတော်အကြွနေပါသည်။

'ဘာဆက်ပြောရမှာလဲ ရဲကျော်'

'ဟိုကွာ… ဟို… နပိုလီယံလေ'

'သြော်… အေး… အေး…'

တွေ့ပြီ။ သည်လောက်တောင် ဩဝါဒတွေ ပေးချင်သည့် မြတ်ကြီး ပြောစမ်း။ အိမ်သာရှေ့မှာ ကြိုက်သလောက် ပြော။ အိမ်သာ

www.burmeseclassic.com

www.burmeseclassic.com



ထဲကနေ ကောင်းကောင်းကြီး အိမ်သာတက်ရင်း နားထောင်ပစ်လိုက်ဦးမည်လို့။

'နပိုလီယံရဲ့အချိန်ကို တန်ဖိုးထားပြီး လေ့လာမှုကတော့ကွာ၊ နားရတယ် မရှိဘူးဟေ့'

'မြတ်ကြီးရာ… ဒါဆို ငါ့လို နပိုလီယံခမျာ အိမ်သာကောင်းကောင်း ဘယ်တက်ရမလဲပေါ့နော်'

'ဟာ… ဒါတော့ ဒီလောက် နပိုလီယံ အိမ်သာ ဘယ်လိုတက်သလဲတော့ စာအုပ်ထဲမှာ အသေးစိတ် မရေးထားတာ ငါ ဘယ်သိမလဲကွ'

ကျွန်တော် နည်းနည်းရယ်ချင်သွားပါသည်။ အဟုတ်မှတ်ပြီး မြတ်ကြီးက ရှင်းပြနေတာ ကျွန်တော် နည်းနည်းကလိလိုက်သဖြင့် သည်ကောင့်ခမျာ နည်းနည်း ကိုးလိုးကန့်လန့်နိုင်သွားပါသည်။

'နပိုလီယံရဲ့ အဆိုအမိန့် ရှိသေးတယ်ကွ၊ ကမ္ဘာကျော် အဆို အမိန့်ပဲ၊ ငါ လာတယ်၊ ငါ တွေ့တယ်၊ ငါ အောင်ပွဲခံတယ်ဆိုတာလေ ကွာ၊ သိပ်လေးစားဖို့ကောင်းတာ'

တော်တော်ကြောင်သည့် မြတ်ကြီး။ ပြောနေတာ စွတ်ပြော နေတာ တလွဲတွေဖြစ်နေပါသည်။

'မြတ်ကြီး… နေဦး၊ အဲဒီ အဆိုအမိန့်က ကမ္ဘာကျော် စစ်ဘုရင်ဂျူးလီယက်ဆီဆာရဲ့ အဆိုအမိန့်ပါကွ၊ မင်းကလည်း နပို လီယံ မဟုတ်သေးပါဘူး'

'ငါဖတ်တဲ့ စာအုပ်ထဲမှာတော့ နပိုလီယံပါကွာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်… လျှောက်ပြီးပြောမနေနဲ့၊ ဗဟုသုတ လိုက်စားတဲ့သူတိုင်း ဒီဆောင်ပုဒ်ကို သိတယ်၊ မင်းဟာလေ…'

မြတ်ကြီးဆီကနေ ဘာသံမှ ထွက်မလာ။

'မြတ်ကြီး… ခဏလေး၊ မင်း စကားပြောတာကို ရပ်လိုက်ဦး၊ ငါ ဒီမှာ ညှစ်လိုက်ဦးမယ်'

'ဟော့ကောင်… မင်း မညှစ်ပတ်နဲ့၊ လက်စသတ်တော့ မင်းက ငါ့ကို ရစ်ချင်လို့ ဒီအိမ်သာရှေ့ကို ခေါ်တာကိုး၊ မင်းတော့ကွာ နသိုလီယံ အိမ်သာတက်တာတွေ ဘာတွေ လျှောက်ပြီးပြောနေတာ ငါ မသိလိုက်တာ ငါခံလိုက်ရတာ'

မြတ်ကြီး ခြေသံ တော်တော်ပြင်းပါသည်။ အိမ်သာများကနေ ခြေထောက်ဆောင့်ပြီး ထွက်သွားသည်။ သည်တော့မှ ကျွန်တော်သည်း အိမ်သာတံခါးကိုဖွင့်ကာ မြတ်ကြီးနောက်ကနေ ရယ်ရင်းလိုက်ပါလာတာ သည်ကောင် ဒေါသထွက်နေလို့ လုံး၀ မသိရေးချသေးဘိ။

၁၈

နောက်ဆုံးတော့ မြတ်ကြီးကို 'ဟိုင်း' လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်နှင့် ကော်ပြန့်စိမ်းကို ကျွန်တော်က ကျွေးပါမည်ဆိုတော့မှပဲ ပြုံးပြုံးကြီးဖြစ်လာရင်းက သည်ကောင် ဒေါသပြေသွားပါသည်။

မြတ်ကြီး ဒေါသအကြောင်း ကျွန်တော် မသိဘဲနေနိုင်ပါ

www.burmeseclassic.com

www.burmeseclassic.com



မလား။ သည့်ကောင့်ဒေါ်သကလက်ဖက်ရည်တစ်ခွက်၊ ခေါက်ဆွဲကြော်တစ်ပွဲ၊ သို့မဟုတ် ထမင်းတစ်နပ်ဆို ပြီးပြီ။

ကမ္ဘာပေါ်မှာ သည့်လောက်လေးနှင့် ဒေါ်သပြေတာဆိုလို့ မြတ်ကြီးတစ်ယောက်သာ ရှိပါလိမ့်မည်။

၁၉

'ဟိုင်း'လက်ဖက်ရည်ဆိုင်ထဲမှာတော့ အလှူပေးသည့်အလား စည်ကားလို့နေသည်။ ကျွန်တော်နှင့် မြတ်ကြီးတို့က လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်လာရင်းမှ ငှက်ပျောပင်အောက်ရှိ လက်ဖက်ရည်စားပွဲဝိုင်းရှိရာနားသို့ သွားပါသည်။

'ရဲကျော်နဲ့ မြတ်ကြီးတို့ပါလား၊ လာ··· လာ···'

မထင်ပါဘူး။ ဆရာမလေး ထားခင်ခင်က သူငယ်ချင်းတစ်ဦးနှင့်အတူထိုင်ရင်းမှ လှမ်းခေါ်လိုက်ပါသည်။ သူမရှေ့မှာ စားလက်စ ကြေးအိုးဆီချက်ပန်းကန်ရှိနေပြီး သူမ၏သူငယ်ချင်းက ထမင်းကြော်တစ်ပွဲကို စားနေပါသည်။

'ဘယ်လိုဖြစ်လို့ အခုချိန်မှ လက်ဖက်ရည် လာသောက်ရတာလဲ၊ ထမင်းစားချိန်တောင် ရောက်ပြီ'

'မပြောချင်ပါဘူး ဆရာမရယ်၊ ဒီ ရဲကျော်ပေါ့ဗျာ၊ အခိုင့်မလေးစားတာကတော့ဗျာ··· ကျွန်တော့်ကိုလည်း ဒီကောင့်လ···'

ထားခင်ခင် စမေးရုံရှိသေး မြတ်ကြီးက ဘူဝသီအတိုင်းဖြစ်စဉ်ကို အသေးစိတ်ရှင်းပြနေပါတော့သည်။ မြတ်ကြီး စကား

www.burmeseclassic.com



ကြောင့် ထားခင်ခင်ရော သူမနှင့် အဖော်ပါလာသူကပါ ရယ်နေပါသည်။ ကျွန်တော်ကတော့ လာရင်းကိစ္စ လက်ဖက်ရည်သောက်ဖို့ မြတ်ကြီး မေ့လျော့နေမှာစိုးသဖြင့် ကိုယ့်ဘာသာကိုယ် လက်ဖက်ရည် နှစ်ခွက်နှင့် ကော်ပြန့်စိမ်းနှစ်ပွဲ မှာလိုက်ပါသည်။

'ရဲကျော်··· ဒါ ကျွန်မရဲ့ အခန်းဖော်လေ၊ ဆက်သွယ်ရေး န်းက အရာရှိ'

ထားခင်ခင်က သူမ၏ဘေးက အခန်းဖော်နှင့် မိတ်ဆက်ပေး ပါသည်။

'ဒီတစ်ယောက်ကတော့ အရင်အဆောင်ကလို မေတ္တာပို့ရင် မှစ်ပွစိ မပြောပါဘူးနော်'

'အမယ်လေး··· ကိုရဲကျော်ရယ်၊ နှစ်ယောက်သား မေတ္တာပို့ ဘောချင်းတူနေလို့ အချိန်ခွဲပြီးကို ပို့နေရတာ'

ထားခင်ခင်က ကျွန်တော့်စကားကို ပြန်ဖြေရင်း ရယ်နေပါ သည်။

'ထားခင်ခင်ရာ··· နင့်ကို ရှာလိုက်ရတာ၊ ဟူး··· နင် အဆောင်ပြောင်းသွားတယ်ဆိုလို့'

ကျွန်တော်တို့ စားပွဲဝိုင်းရှိရာသို့ ထားခင်ခင်နှင့် သက်တူ ည်တူလောက်ရှိမည့် ယောကျ်ားသားတစ်ဦး ရောက်ချလာပါသည်။ မျက်နှာမှာ တစ်ခုခု သောကရောက်နေသလိုမျိုး ဖြစ်နေပါသည်။

'ငါက မာလာဆောင်ရှေ့က အဆောင်ကို ပြောင်းသွားတာ ဟ'

www.burmeseclassic.com



'ဒါကြောင့် ငါ မတွေ့တာပေါ့ဟာ'

'ဘယ်တွေ့မလဲ၊ နင်က ပန်းချီဆွဲတာနည်းနည်း၊ သောက်နေတာက များနေတာကိုး'

'မဟုတ်ပါဘူးဟာ၊ ငါ့မျက်နှာကို နင် ပြန်ကြည့်စမ်းပါ၊ ဘယ်လောက် သောကတွေများသလဲလို့'

အရေးထဲ ထားခင်ခင် သူငယ်ချင်းဆိုသူက သည်လောက် ရုပ်ဆိုးသည့် သူ့မျက်နှာကြီးကို အတင်းကြည့်ခိုင်းနေပြန်ပါသည်၊

'ကဲ… နင့်သောကတွေ ဘယ်လောက်များလဲ၊ ပြောစမ်းပါဦး'

'ပြောမယ်ဟာ… ငါ့ကို လက်ဖက်ရည်တစ်ခွက် မှာပေး'

ထားခင်ခင်က လက်ဖက်ရည်တစ်ခွက် လှမ်းမှာလိုက်ပါသည်။

'ကဲ… ပြောပါဦး၊ ဘယ်လိုသောကတွေလဲ'

'နင် စဉ်းစားကြည့် အရက်ကို သောက်တတ်တဲ့ ငါ၊ အနုပညာကို ငါ ဘယ်လောက်ချစ်သလဲ၊ မဟာဝိဇ္ဇာဘွဲ့ရပေမယ့် ငါ ပန်းချီကိုပဲ ခုံမင်တယ်၊ ပန်းချီဟာ ငါ့ဘဝ၊ ဒီတော့ ဝမ်းရေးမဖူလုံဘူးဆိုပြီး မိန်းမက ပြုစုတယ်၊ ယောက္ခမက မကြည်ဖြူဘူး၊ ငါက ဒါတွေကိုမေ့ပြီး ပန်းချီနဲ့ ယမကာကိုပဲ ဖက်တွယ်တယ်၊ ငါ့ရဲ့ ချိုမြိန်သောကတွေကို ဘယ်သူက စာနာသလဲ၊ နားလည်ပေးသလဲ၊ ငါ့ပန်းချီကားတွေကပဲ နားလည်ပေးတာပဲ ရှိတယ်'

ထားခင်ခင်က စားလက်စကြေးအိုးပန်းကန်ထဲမှ ဝက်အသည်း

www.burmeseclassic.com



ခတ်တစ်ဖတ်ကို တူနှင့်ညှပ်ပြီး စားလိုက်သည်။

'ဒီမှာ ညီထွေး၊ နင်ပြောတဲ့ ချိုမြိန်သောကဆိုတာ ငါ စားနေတဲ့ ကြေးအိုးဆီချက်လောက် အရသာမရှိပါဘူးဟာ'

'ဘာ… နင်က ငါ့သောကတွေကို ကြေးအိုးဆီချက်လောက် သဘောမထားဘူးပေါ့၊ ဟုတ်လား'

ညီထွေးဆိုသည့် ထားခင်ခင် သူငယ်ချင်းက ထားခင်ခင် စကားကြောင့် ဒေါသထွက်သွားသည် ထင်ပါရဲ့။

'နင်က နင်ဝါသနာပါတာ နင် လုပ်တာ၊ လူဆိုတာ ဝမ်းရေး ရှိတယ်၊ ကိုယ့်မိသားစုက ကိုယ့်ကို မှီခိုနေတာ ကိုယ့်တာဝန် ကိုယ် ယူရတယ်၊ ကိုယ်လုပ်ချင်တာ လုပ်ပြီး အနုပညာကို ချစ်တယ် ဘာညာ ဆိုပြီး ကိုယ့်ရဲ့တာဝန်မဲ့မှုကို အကာအကွယ်ယူတာမျိုးက ယောကျ်ား တစ်ယောက်လုပ်ရမယ့်ကိစ္စ မဟုတ်ဘူး၊ နင် မရှက်ဘူးလား'

'ထားခင်ခင်ရာ… နင်က ငါ့ကို ဝေဖန်ကဲ့ရဲ့နေတာလား'

'ဒီမှာ ညီထွေး၊ နင့်ကို လူတွေရှေ့မှာ ကဲ့ရဲ့ရှုတ်ချလိုစိတ် ဆရာမတစ်ယောက်ဖြစ်တဲ့ ငါ့မှာ ဒီလိုမရှိဘူး၊ နင်လည်း ခေတ်ပညာ တတ်ပဲ၊ စဉ်းစားပေါ့၊ ကိုယ့်အနုပညာ ကိုယ့်နာမည်ထွက်အောင်လည်း လုပ်၊ ကိုယ့်မိသားစုကိုလည်း နင်က ဘာမှမဖြည့်ဆည်း ကိုယ့်ကြောင့် ဖြစ်တဲ့သောကကို နင်က လူတကာလျှောက်ပြောနေတာ၊ ဒါမျိုး ငါ အမုန်းဆုံးပဲ'

တော်တော်လည်း သတ္တိရှိသည့်မိန်းမပဲလို့ ကျွန်တော်က ထားခင်ခင် ပြောနေတာကို ကြည့်ရင်း တွေးနေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါက နင့်ကို နှစ်သိမ့်နိုင်မလား သူငယ်ချင်းချင်း မတွေ့တာ ကြာလို့ တွေ့တုန်း ပြောမိပါတယ်၊ နင်က စကားလုံးခပ်ကြမ်းကြမ်း တွေနဲ့ ပစ်ပေါက်တာကိုး'

'ဒီမှာ ညီထွေး၊ ဒီစကားတွေ နင်နဲ့ ရည်ရွယ်ချက်တူတဲ့သူ တွေ သွားပြော၊ ငါ့လာမပြောနဲ့'

'အေး··· ဒါဆို ပြီးရော၊ ငါ သွားပြီ'

ညီထွေးဆိုသူက ထားခင်ခင် စကားကြောင့် ဒေါသထွက် သွားပြီး ထိုင်ရာမှ ထသွားပါသည်။

'ဟဲ့··· နင့်လက်ဖက်ရည်ဖိုး နင် ရှင်းသွားဦး၊ နင့်လိုလူမျိုး အတွက် ငါ လက်ဖက်ရည် အလကားမတိုက်နိုင်ဘူး'

ထားခင်ခင် စကားကြောင့် မြတ်ကြီးခများ ယောင်ပြီး သူ အင်္ကျီအိတ်ကပ်ထဲ လက်နှိုက်ကြည့်လိုက်ပါသည်။

'ရော့··· လက်ဖက်ရည်ဖိုး'

'ငါ့ကို မပေးနဲ့၊ နင့်ဘာသာနင် စားပွဲထိုးကို သွားပေး'

ညီထွေးက ထားခင်ခင်ကို မျက်စောင်းတစ်ချက်ထိုးပြီး လှည့် ထွက်သွားပါသည်။

'အားနာပါတယ်၊ မတတ်နိုင်ဘူး··· ဒီလိုလူမျိုးက ဒီ စကားမျိုးနဲ့ပဲ တန်တာ၊ သူ့ကို သင်ပေးတဲ့ တက္ကသိုလ်ကြီးအဖို့ ဒီ လူမျိုးအတွက် ရင်ထုမနာဖြစ်မှာပဲ၊ ကိုယ် သင်ယူထားတဲ့ ပညာ ကို အလွဲသုံးစားလုပ်ပစ်တာ၊ သူ့ဖြစ်တည်မှုနဲ့စာရင် ဖေဘဒီ ကြေး ဆိချက်ရဲ့ ဖြစ်တည်မှုကမှ တန်ဖိုးရှိသေးတယ်၊ ထားပါ··· စားကြ

www.burmeseclassic.com



ထားခင်ခင်ကတော့ ဘာမှုမဖြစ်သည့်အလား ကြေးအိုးဆီချက်ကို ဆက်စားနေပါသည်။

ကျွန်တော်သာလျှင် လက်ဖက်ရည် ဆက်မသောက်နိုင်ဘဲ ထားခင်ခင် ပြောစကားတွေကိုသာ တွေးနေမိပါတော့သည်။

၏

လူ့တန်ဖိုးဆိုသည်မှာ ကြေးအိုးဆီချက်တစ်ပွဲစာလောက် တန်ဖိုးမရှိသူတွေသည် ဘဒ္ဒကမ္ဘာမြေပေါ်မှာ မည်ရွေ့မည်မျှ ရှိနေသလဲကွယ်။

၏ ၏ ၏

www.burmeseclassic.com

www.burmeseclassic.com

# မပြုလိုက်ရတဲ့ သတ္တိ

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကိုယ်ကိုယ် ချစ်မိရင်
အမှန်တရားနဲ့လည်း
ချစ်မိသွားလိမ့်မယ်။

(ခရစ်ရှီးနားမူတိ)



www.burmeseclassic.com

www.burmeseclassic.com



- ၈ -

စံရိပ်ငြိမ်ညများသည် အဆောင်နေ ကျောင်းသားကျောင်းသူများ၏အသံများဖြင့် အသက်ဝင်ရုံသာမက အလှဆင်ထားသလို ဖြစ်နေပါသည်။ အဆောင်တိုင်းလိုလိုပါပဲ။ စာကျက်နေသူက ကျက်၊ သီချင်းဖွင့်သူ ဖွင့်၊ စကားပြောသူ ပြောနှင့် ကိုယ်သန့်ရာ သန့်ရာ အသီးသီး ပြုလုပ်ပြောဆို နေထိုင်တော်မူနေကြပါသည်။

ကျွန်တော်က ကျွန်တော့်အကခန်း ပြတင်းပေါက်အပြင်ဘက်ကို လှမ်းကြည့်ရင်း ဆရာမလေး ထားခင်ခင်က 'ဟိုင်း'လက်ဖက်ရည်ဆိုင်မှာ ပူငယ်ချင်းအား ပြောခဲ့သည့်စကားကို ပြန်လည်ကြားယောင်ပြီး ပြုံးနေမိပါသည်။

စကားလုံးတွေ၊ အပြုအမူတွေက ဆရာမထားခင်ခင်ဆိုသော အမည်နှင့် မလိုက်အောင် သွက်လွန်းလှသည်။ တကယ့်ကို ယောကျ်ားဆန်လှသည်။ ပြီးတော့ အမျိုးသမီးမိတ်ဆွေထက် အမျိုးသားမိတ်ဆွေများကိုသာ ပေါင်းလေ့ရှိသည်ကိုလည်း သတိထားမိသည်။

www.burmeseclassic.com



နောက်ဆုံးတော့ ဆရာမလေးထားခင်ခင်အကြောင်း မစဉ်းစား ဘဲနေတာ ကောင်းသည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်သည်။

မဆုံးဖြတ်လို့ကလည်း မဖြစ်ပါ။ ဘာကြောင့်လဲဆို ကျွန်တော့် အခန်းဖော် မြတ်ကြီးက ဘေးခန်းမှာ talking ပေးနေလို့ ဖြစ်ပါသည်။ သူ့ talking ကဏ္ဍပြီးလျှင် လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်တိုက် မည်ဟု နားထောင်သူတွေကို လာဘ်ထိုးထားသောကြောင့် ဖြစ်သည်။

'ဂီတဆိုတာ နှင်းမြူတို့ ဝေ့ဆိုင်းတဲ့ လှူ့သမိုင်းအရဏ်ပေါ် ဝိုးတဝါးမှာ သဘာဝစမ်းရေစီးသံတွေ၊ ကျေးငှက်တို့ရဲ့ သီကြွေးသံ တွေ၊ မနုဿလူသားတွေရဲ့ မပီဝိုးတဝါး တေးအစအနတွေနဲ့ အဲဒီလူ တွေကလုပ်ထားတဲ့ ကိရိယာတွေရဲ့ မညီမညာအသံတွေက ဖြည်းညင်း စွာ နိုးထလာတာ'

ဂစ်တာကို လက်ကွက်နှစ်ကွက်ကိုပင် မှန်အောင်မတီးခတ် တတ်သော မြတ်ကြီးက ဘယ်စာအုပ်ကနေ ဘယ်လိုကျက်ထားသည် မသိသော စကားလုံးတွေနှင့် ပို့ချချက်ကို အပီပို့ချလို့နေပါသည်။ ကျွန်တော်လည်း မြတ်ကြီး ပို့ချချက်ကို နားထောင်နေသော ဘူမိဗေဒ ကျောင်းသား ဝဏ္ဏနားမှာ ထိုင်လိုက်သည်။ မြတ်ကြီးမှာ သူ့ပို့ချ ချက်ကို နားထောင်မည့်သူတစ်ယောက် တိုးလာသဖြင့် အတော့်ကို တက်ကြွသွားပါသည်။

'အဲဒီလိုနဲ့ မှုန်ရီဝေတဲ့ လှူ့သမိုင်းအရဏ်ဦးဟာ လူတွေ ဝေဝေဝါးဝါးဂီတသံတွေ မပီမသ နရီသံတွေနဲ့ နိုးထလာရာက တဖြည်းဖြည်း ပီပြင်ကြည်လင်တဲ့ မိုးသောက်နံနက်ခင်းကို ရောက် လာတော့တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



မြတ်ကြီးက သူ့စကားကို သူ ကျေနပ်သည့်အလား သွားတွေကိုဖြဲကာ ပြုံးတော်မူလိုက်သည်။

'မြတ်ကြီးရာ… မင်းက ဂစ်တာလည်း မတီးတတ်ဘဲနဲ့ ဂီတအကြောင်းလည်း ပြောတယ်၊ ပြောတော့လည်း နားသာထောင်နေရတယ် နှင်းမြူတွေ၊ တိရစ္ဆာန်တွေရော၊ ဝေဝေဝါးဝါးတွေရော၊ ဘာကို ဆိုလိုချင်တာလဲ၊ လိုရင်းကိုမရောက်ဘူး၊ စားတယ်ကွာ… ရှုပ်နေတာပဲ'

သည်းညည်းမခံနိုင်လို့လား မသိ။ ဘူမိဗေဒကျောင်းသား ဝဏ္ဏက ဝေဖန်ပါသည်။ မြတ်ကြီးခမျာ သူပို့ချနေသော စကားလုံးတွေကို ဝေဖန်သဖြင့် နည်းနည်းဘုသွားပါသည်။

'ဝဏ္ဏ… မင်းက ဘာလဲ၊ ငါသိတဲ့ ဗဟုသုတတွေကို ပြက်ရယ်ပြုတာလား၊ ဒီည လက်ဖက်ရည်နဲ့ ပေါက်စီ ငတ်သွားမယ်'

မြတ်ကြီး၏ တစ်ချက်လွှတ်စကားကြောင့် ဝဏ္ဏထံမှ ဘာဆဖန်သံမှ မထွက်လာတော့ပါ။ သည်ကျောင်း ပေါက်စီနှင့် လက်ဖက်ရည်ကိုတော့ ဘယ်နည်းနှင့်မျှ အဆုံးရှုံးခံမည့်ပုံ မပေါ်။

'လူဆိုတာ ခရစ်ရီးနားမူတီ ပြောသလိုပဲ၊ ကိုယ့်ကိုယ်ကိုယ် ချစ်မိရင် အမှန်တရားနဲ့လည်း ချစ်မိသွားလိမ့်မယ်ဆိုတာ သိပ်မှန်တယ်'

'ကိုမြတ်ကြီး… ဂီတကနေ ဘယ်လိုလုပ် အမှန်တရားတွေ ရောက်သွားတာလဲ'

မနေနိုင်မထိုင်နိုင် အမူအရာနှင့် ဥပဒေ ဒုတိယနှစ်ကျောင်းသား သန်းစိုးက မေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'သန်းစိုး… ငါပြောတာကို နားထောင် မရှုည်နဲ့၊ ငါ့ဘာသာ ငါ ဘာပြောပြော ငါပြောသမျှ နားထောင်ရင် မင်းတို့ကို လက်ဖဝ ရည်တိုက်မယ်၊ မုန့်ကျွေးမယ်လို့ ငါ ပြောထားတယ်မဟုတ်လား မရှုည်နဲ့'

မြတ်ကြီးတို့ လေသံမာနေပုံက သူ့ကိုယ်သူ ဆော့ဝဲသူဌေး ကြီး ဘီဂိတ်ပုံမျိုး ဖြစ်နေပါသည်။ မြတ်ကြီးလေသံကို နားထောင် ကြည့်ရုံနှင့် သူ့လက်ထဲမှာ အိမ်ကပို့ထားသော ငွေအတော်များမျာ ရှိတာ သေချာနေပါသည်။

'မင်းတို့ စဉ်းစားကြည့်၊ လူဟာ ကိုယ့်ကိုယ်ကိုယ် ချစ်လို့ အဝတ်အစား ဝတ်တယ်၊ ထမင်းစားတယ်၊ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်တယ်၊ ဒါဟာ မပြောင်းလဲသော အမှန်တရားပဲ၊ ဒီအမှန်တရား ဟာ ပရမ္မတ္တအသိ၊ ဓမ္မာရုံအသိ၊ ဒီအသိတွေနဲ့ အမှန်တရားကို ဖဘေ ဆိုဖာတွေက တည်ဆောက်တာ'

မြတ်ကြီးလိုလူမျိုး ဒဿနိကဗေဒဘာသာ ယူမိတာ ဌာန အတွက် အတော်ကံဆိုးပါသည်။ သူ့ဘာသာသူ ဂုဏ်တင့်နေသော ဒဿနိကဗေဒ ဘာသာရပ်မှာ မြတ်ကြီးတို့လို ဟိုဟာသိ နည်းနည်း ဒီဟာသိ နည်းနည်းတွေကြောင့် ဒဿနိကဗေဒဆိုတာ ဘာကြီးမှန်း မသိပါဟု ဝေဖန်ခံနေရတာ ဖြစ်ပါသည်။

မြတ်ကြီး၏ပို့ချချက်ကို ကျွန်တော် ဖျက်မှဖြစ်တော့မည်

'မြတ်ကြီးရာ… မင်းပြောတဲ့ အမှန်တရားဆိုတာ ဘာလဲ ငါ့ကို နှစ်ဆယ်ဖိုးလောက် ရောင်းစမ်းပါကွာ၊ ငါ စားကြည့်ချင်လို့

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်… ရဲကျော်၊ ငါ ပြောနေတဲ့ အမှန်တရားကို
မင်း လာမစော်ကားနဲ့၊ အမှန်တရားဆိုတာ ရောင်းစရာ မဟုတ်ဘူး။
အမှန်တရားအတွက် အသက်စွန့်ရဲရတယ်၊ ဆော့ခရတ္တိ၊ ဂယ်လီလီယို၊
ဘျော်ဒန်ဘရူနို အားလုံး အမှန်တရားအတွက် အသက်စွန့်ကြတယ်ကွ၊
မင်းက အမှန်တရားကို နားမလည်ဘဲနဲ့ ငါ့အသိတွေကို လာမရှုတ်
နဲ့'

မြတ်ကြီး တော်တော်ဒေါသထွက်သွားပါသည်။ ကျွန်တော့်
ကို ပယ်ပယ်နယ်နယ် ကောပါတော့သည်။ သူ့စကား နားထောင်နေ
သူတွေကတော့ ကျွန်တော်နှင့် မြတ်ကြီးကိုကြည့်ပြီး ခေါင်းကုတ်သူ
ကုတ်၊ မျက်နှာပျက်သူ ပျက်နှင့် ဖြစ်နေကြသည်။ သူတို့မျက်နှာတွေ
မှာ ပေါ်နေတာက ကျွန်တော့်ကြောင့် ယနေ့ည လက်ဖက်ရည်နှင့်
မုန့် ဝေးကွာဖို့ ဖန်လာပြီဆိုသောအကြောင်းပင် ဖြစ်သည်။

'မြတ်ကြီး… မင်းဘာသာမင်း ရဲကျော်နဲ့ ဆက်ငြင်း၊ မင်း
ထိတ်မယ့် ကျွေးမယ့်ဟာတွေ ကိုယ့်ဘာသာကိုယ် ဝယ်စားမယ်၊
ဝယ်သောက်မယ်။ ဘာတွေလဲကွာ ဂယ်လီလီယိုတွေရော၊ ဂျော်ဒန်
ဘရူနိုတွေရော၊ စားတယ်… ဟော့ကောင်တွေ သွားမယ်၊ အချိန်
ကောင်း ပုပ်သေးတယ်'

ဘူမိဗေဒကျောင်းသား ဝဏ္ဏက ပြတ်သားသော ဆုံးဖြတ်ချက်
ချပြီး ထွက်သွားပါသည်။ ကျန်သည့်ကျောင်းသားအချို့ကလည်း
သူနှင့်အတူ ထသွားပါသည်။ နောက်ဆုံး မြတ်ကြီး ပို့ချချက်ပေးနေ
သော အခန်းမှ မြန်မာစာကျောင်းသား အေးသောင်းကပါ သူ့အခန်း
ဒီအတိုင်းထားပြီး ထွက်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရဲကျော်ရာ… မင်းက သာသနာဖျက်ပဲ၊ အသိပညာ အတတ်ပညာလိုချင်လို့ ဝေ့နေတာ၊ မင်းကွာ'

'မြတ်ကြီး အသိပညာ အတတ်ပညာ ဝေ့ချင်တယ်ဆိုရင် အချက်ကျကျ ပြောရတယ်ကွ၊ မင်းဟာက ဟိုမရောက် ဒီမရောက် ဘာပြောချင်မှန်းမသိနဲ့ တမင်တကာ မင်း အရှက်မကွဲရအောင်နဲ့ လက်ဖက်ရည်ဖိုး မုန့်ဖိုးမကုန်အောင် ငါက ကယ်တင်ပေးလိုက်တာ၊ ဒါမျိုး လူကြားထဲ ပြောချင်ရင် ဆရာမလေး ထားခင်ခင်ဆီမှာ သင်လိုက်ဦး၊ ဆရာမလေးကိုတော့ ပြန်ပြောပြရဦးမယ်'

ကျွန်တော့်စကားက မြတ်ကြီး၏အရှိုက်ကို ထိုးလိုက်သလိုမျိုး ဖြစ်သွားလား မသိ။ မြတ်ကြီးက ကျွန်တော့်ကို မေတ္တာအတိုးလိုက် အတစ်လိုက် ပို့ပါတော့သည်။

ထိုညက ယောက်ျားကြီးတန်မယ့် စိတ်ကောက်သော မြတ်ကြီးတစ်ယောက် ကျွန်တော့်ကို လုံးဝစကားမပြောတော့ဘဲ အခန်းထဲမှာ နှုတ်ခမ်းစူလိုက်၊ ဆောင့်လိုက်နှင့် အသားကုန် ဆန္ဒပြပါတော့သည်။

ယောက်ျားကြီးတစ်ယောက် စိတ်ကောက်နေပုံကို ထိုင်ကြည့်နေရသည်မှာ ခပ်ချောချောအမျိုးသမီးတစ်ယောက် စိတ်ကောက်နေပုံကို ကြည့်ရသလိုမျိုး ချစ်စရာမကောင်းဘဲ အန်ချင်လောက်အောင် ဖြစ်ရတာကတော့ တကယ်ပါ။

❧ ❧ ❧

www.burmeseclassic.com

www.burmeseclassic.com



ကံ့ကော်ပန်းတွေ
ကြွေကြွေကျနေတာကို
အလုအယက် ကောက်နေလိုက်ကြတာ
ဒီမှာ...
အလွမ်းတွေ ကြွေကြွေကျနေတာ
ကောက်သူ မရှိပါလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



## - ၉ -

လေအဝှေ့မှာ ကံ့ကော်ပန်းရနံ့တွေကို ကျွန်တော် ရှူရှိုက်မိနေပါသည်။ နေက မပူဘဲ ပျပျလေးသာ ဖြစ်နေသဖြင့် ရန်ကုန်တက္ကသိုလ်ပရဝုဏ်ထဲမှာက အတော့်ကို နေလို့ထိုင်လို့ကောင်းပြီး စာသင်ရတာကလည်း အဆင်ပြေလှပါသည်။

သည်နေ့ သင်ကြားရသော သတ္တဗေဒဘာသာရပ်က နည်းနည်းခက်သဖြင့် အဆောင်ပြန်ရောက်လျှင်တော့ သင်ပြီးသမျှ စာကို တစ်ခေါက်၊ နှစ်ခေါက်လောက် ပြန်ကြည့်ရဦးမည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်သည်။

သင်တန်းက ပြီးသွားပြီဖြစ်သဖြင့် ရွှေဘိုဆောင်လမ်းကြားအနေဖြတ်ပြီး မြတ်ကြီးတို့ရှိသည့် ဝိဇ္ဇာဆောင်များဘက်သို့ ကျွန်တော် ထွက်လာခဲ့သည်။ ရွှေဘိုဆောင်နားမှာ ပေါက်ရောက်နေသော စိန်ပန်းပင်မှ စိန်ပန်းပွင့်အနီရဲရဲတွေနှင့် ကံ့ကော်ပင်များဆီမှ ကံ့ကော်ပန်းပွင့်တွေက သူ့ထက်သူ အပြိုင်အဆိုင် အလှချင်းပြိုင်နေကြတာ ရာမရကန်

www.burmeseclassic.com



ကို ရေးသားခဲ့သော စာဆိုရှင်ဦးတိုး ငိုင်သွားနိုင်ပါသည်။ တစ်ချက်တစ်ချက် လေအဝှေ့မှာ ကြွေကျလာသော ကံ့ကော်ပန်းပွင့်တွေက ဂျက်ဆင်ဘေးက ကော်ရစ်ဒါလမ်းဘေးရှိ ကံ့ကော်ပင်များအောက်မှာ ကျောင်းသူအချို့က အလုအယက် ကောက်နေကြသည်။

ကံ့ကော်ပန်းကောက်နေသော ကျောင်းသူအချို့၏ မြင်ကွင်းတွေက ရန်ကုန်တက္ကသိုလ်ကြီး၏ မရိုးနိုင်သော သင်္ကေတတစ်ခုဟု ပြောရပါလိမ့်မည်။

ကျွန်တော့်စိတ်ထဲဝယ် ဘာရယ်မှန်းမသိ။ ကြွေကျနေသော ကံ့ကော်ပန်းနှစ်ပွင့်ကို ကောက်ယူပြီး လွယ်အိတ်ထဲ ထည့်လိုက်သည်။ ဒါကို ကျွန်တော်နှင့်အပြိုင် ကံ့ကော်ပန်းကောက်နေသော ကျောင်းသူအချို့က ရယ်ဖြစ်အောင် ရယ်လိုက်ကြသေးသည်။

'ပန်းက နှစ်ပွင့်တည်း၊ ရည်းစားကို ပေးမလို့လား နည်းနည်းလေး၊ တော်ကြာ ရည်းစား စိတ်ကောက်နေဦးမယ်နော်'

'ဟာ… မဟုတ်ပါဘူး၊ သူငယ်ချင်းကို ပေးဖို့ပါ'

ကျောင်းသူတစ်ယောက်က ကျွန်တော့်ကို လှမ်းနောက်လိုက်တာကို ကျွန်တော်က ပြန်လည်ဖြေကြား ပြောဆိုခဲ့ပြီး ထိုနေရာမှ ထွက်လာခဲ့သည်။

မြတ်ကြီး၏ စာသင်ခန်းထဲမှာ မြတ်ကြီးကို ရှာတော့ မတွေ့သေးချေပြီ။ သည်ကောင် ကင်တင်းမှာ ရှိကိုရှိရမည်။

ကင်တင်းရောက်ပြန်တော့လည်း မြတ်ကြီးကို မတွေ့ရ။ မထူးပါဘူး၊ ဗိုက်ကလည်း ဆာလာသဖြင့် ကိုယ်စားနေကျဆိုင်မှာပဲ စား

www.burmeseclassic.com

www.burmeseclassic.com



ည်ဟု ဆုံးဖြတ်ရင်း 'ရွှေ'စားသောက်ဆိုင်သို့ ဦးတည်လိုက်သည်။

ဒီမှာပဲ...

❧

ကျွန်တော် မျက်စိမမှားပါ။ ဆရာမ ထားခင်ခင်မှ ထား ခင်အစစ်။ သူမ ဘေးနားမှာ စီးပွားရေးတက္ကသိုလ်မှ ဆရာတစ်ဦး ကို တွေ့ရသည်။ နှစ်ယောက်သားအတူတူ မျက်နှာချင်းဆိုင် စားနေ သောက်နေလို့။ ထိုဆရာကို ကျွန်တော် ကောင်းကောင်းသိသည်။ သူက ပိုက်ဆံချမ်းသာပြီး အဆောင်မှာ ဟောကျူတာ လုပ်သည်။ တော့ လူပျိုကြီး ဆရာတစ်ဦး။ ဆရာမလေးတွေကို ပိုးပန်းသည့် ရာမှာလည်း နာမည်ကြီးသည်။ ဆရာမလေး ထားခင်ခင်နှင့် သူက သိတွေလား၊ ရည်းစားလား ကျွန်တော် ဝေခွဲမရဖြစ်သွားပါသည်။ ဆာနေတတာကိုတောင် ကျွန်တော် မေ့သွားပါသည်။

မထူးပါဘူးဆိုပြီး ကျွန်တော်က ဆရာမ ထားခင်ခင်တို့ ဝိုင်းဘေးက စားပွဲမှာ ထိုင်ပြီး ခေါက်ဆွဲကြော် မှာလိုက်ပါသည်။ ရည်းစား ဟုတ်လား မဟုတ်တား အကဲခတ်လို့ရတာကလည်း တာပေါ့လေ။

ဆရာမ ထားခင်ခင်က ကျွန်တော့်ကို ပြုံးပြပါသည်။ တော်ကလည်း အလိုက်သင့် ပြုံးပြပါသည်။ ဟိုဆရာကတော့ တော့်ကို မသိမသာ အကဲခတ်တာကို ကျွန်တော် သတိထားမိပါ ည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာမကတော့ တကယ်ပဲဗျာ... ကျွန်တော်က လမ်းဖြ
လို့ ကားနဲ့ခေါ်တာတောင် ငြင်းတယ်၊ ဘာလဲ... အားနာလို့လား

လာချပေးသော ခေါက်ဆွဲကြော်ကို စားနေရင်းမှ တစ်ဖ
ဝိုင်းမှ စကားကို မသိမသာ နားစွင့်နေမိပါသည်။

'အားနာလို့ မဟုတ်ပါဘူး ဆရာ၊ နိုင်ငံတော်က ကျွန်မ
ပြည်သူလူထုအတွက် ကားတွေ စီစဉ်ပေးထားပါတယ်၊ အငှားကာ
တွေလည်း ရှိတာပဲ၊ ပြီးတော့ တခြားလူတွေမြင်ရင် မသင့်တော်လို့
ကိုယ့်ထမင်းကိုယ်စားပြီး ကျွန်မ သူများအပြော မခံနိုင်ပါဘူး၊ အ
တောင် ဆရာနဲ့ မျက်နှာချင်းဆိုင် ထမင်းစားတာ ဘယ်သူက ဘ
လိုဝေဖန်ဦးမလဲ မသိဘူး၊ ကျွန်မတို့ ပညာတတ်အသိုင်းအဝိုင်း
စပ်စုမှုဟာ နိမ့်ကျတဲ့လူတွေနဲ့ ဒီနေရာမှာတော့ ဘာမှမထူးဘူး၊ အ
တူပဲ'

ထားခင်ခင်၏ ပြောချက်က တကယ့်ကို 'ဒွဲ'ပဲ ဖြစ်ပါသည်
ဟိုဆရာခမျာ မျက်နှာနည်းနည်းတော့ ပျက်သွားသလို ဖြစ်သွား
သည်။

'ဟာ... ဆရာမကလည်း ကိုယ့်လိပ်ပြာကိုယ်လုံရင် ပြီးသ
ပဲဟာ၊ အားနာစရာမှ မလိုတာ'

'ကျွန်မတို့ မိန်းကလေးတွေအဖို့ အဲဒီ အားနာတာ
တဖြည်းဖြည်း ခါးပါစရာမျိုးတွေ ရှိတယ်လေ၊ သံယောဇဉ်ဆို
အဲဒီလို အားနာတာကနေ စတာလည်း ရှိတယ်၊ ကျွန်မအဖို့ ခါးလ
မနာချင်ဘူး၊ အားလည်း မနာချင်ဘူး၊ သံယောဇဉ်ကိုလည်း မဖြ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဆရာ နားလည်ပေးပါ၊ နောက် ကျွန်မကို လမ်းမှာတွေ့ရင် ဘားနဲ့ လမ်းကြုံခေါ်မတင်ပါနဲ့'

ဆရာမ ထားခင်ခင် စကားလုံးတွေက ထပ်ထိပြန်ပါသည်။ ပွားရေးတက္ကသိုလ်က ဆရာက ဘာမှမပြောဘဲ ငြိမ်ကျသွားပါ သည်။

'ကဲ... ဆရာ... ဆရာက ထမင်းကျွေးချင်တယ်ဆိုလို့ ကျွန်မ စားပြီးပြီ၊ ကျွန်မကို ခွင့်ပြုပါဦး'

ဆရာမ ထားခင်ခင်က ထိုင်ရာမှထကာ နှုတ်ဆက်ပြီး ထွက် သွားပါသည်။ ကျွန်တော့်အနီးအနားက ဖြတ်သွားရင်း ကျွန်တော့်ကို တစ်ချက်လှည့်ကြည့်သွားပါသည်။ ဟိုဆရာခများလည်း ပိုက်ဆံရှင်း ပြီး ထလစ်သွားပါသည်။

ကျွန်တော်လည်း ခေါက်ဆွဲကြော်ကိုစားပြီး မြတ်ကြီးများ သမလား သူ့စာသင်ခန်းဘက် ဒုတိယတစ်ခေါက် ရောက်မိပြန် သည်။

၃၈

ဒုတိယတစ်ခေါက် မြတ်ကြီးအခန်း ရောက်သော်လည်း တ်ကြီးကို မတွေ့ရ။ သည်ကောင် ဘယ်နေရာသွားလေသလဲ မသိ။

'ကိုရဲကျော်... ဘာလဲ မြတ်ကြီးကို ရှာတာလား'

ကျွန်တော့်အနီးနားသို့ ဆရာမ ထားခင်ခင်က လက်ထဲမှာ အုပ်တစ်အုပ်ကိုင်ပြီး ရောက်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ဆရာမရယ်၊ ဒီကောင် ဘယ်သွားနေသလဲ မသိဘူး'

'ရှိမှာပါ... တစ်နေရာရောက်နေလို့ နေမှာပေါ့၊ ဒါနဲ့ ဓေ စောက ကျွန်မ ပြောတာတွေ ရှင် ကြားရလို့ အစားအသောက်ပျက် သွားလား မသိဘူး'

'မဆိုင်ပါဘူး ဆရာမရယ်၊ ဒါက ဆရာမတို့ လွတ်လပ်ပိုင် ခွင့်ပဲဟာ'

ပြောပြောဆိုဆိုပါပဲ။ ကျွန်တော်က လွယ်အိတ်ထဲမှ စောစော က ကောက်လာသော ကံ့ကော်ပန်းနှစ်ပွင့်ကို ထုတ်ယူလိုက်ပြီး...

'ဆရာမ ပန်းပန်လား မသိဘူး၊ ဒီမှာ ဆရာမအတွက် ကံ့ကော်ပန်းနှစ်ပွင့် ဆရာမ ပန်ဖို့လေ'

ဆရာမ ထားခင်ခင်က ကျွန်တော်ပေးသော ကံ့ကော်ပန်းနှစ် ပွင့်ကို ယူလိုက်ရင်း...

'ကိုရဲကျော် ပေးတဲ့ ကံ့ကော်ပန်းနှစ်ပွင့်ကို အသိအမှတ်ပြု တဲ့အနေနဲ့ လက်ခံပါ့မယ်၊ ဒါပေမဲ့ ကျွန်မက ပန်းမပန်တတ်ဘူး ပန်းလည်း မကြိုက်ဘူး၊ ကျွန်မရဲ့ဆန္ဒအရ ပြောရရင် ပန်းမပန်တတ် တဲ့ကျွန်မအဖို့ ပန်းတွေတောင် ပွင့်ဖို့ မလိုပါဘူး'

ဆရာမ ထားခင်ခင်က သူ့စကားကို သူ သဘောကျ ရယ်နေပါသည်။ ပန်းပေးမိသူ ကျွန်တော့်မှာသာ 'နင်'သလို ဖြစ်သွား ရပါသည်။

'ကိုရဲကျော် ညနေ အားလား၊ အင်းလျားမှာ အကြော်သွား

www.burmeseclassic.com

www.burmeseclassic.com



စားမယ်လေ၊ ကျွန်မ ကျွေးပါ့မယ်၊ ကိုမြတ်ကြီးပါ ခေါ်ခဲ့လေ၊ ညနေ အဆောင်ရှေ့မှာ လာစောင့်နေလေ၊ အခု ကျွန်မကို ခွင့်ပြုပါဦး၊ ပါမောက္ခ နိုင်းတာရှိလို့ သွားဦးမယ်'

ဆရာမ ထားခင်ခင်က ကျွန်တော့်အနားကနေ ထွက်သွားပါသည်။ ကျွန်တော်လည်း မြတ်ကြီးကို မစောင့်တော့ဘဲ အဆောင်ကို ပြန်လာခဲ့ပါသည်။

အဆောင်လည်းရောကရော ညနေ ဆရာမလေး ထားခင်ခင်နှင့် တွေ့လျှင် ဘာတွေပြောရင် ကောင်းမလဲ စဉ်းစားရင်း ခုတင်ပေါ်မှာ မှေးခနဲအိပ်ပျော်သွားပါသည်။

၈၈ ၈၈ ၈၈

www.burmeseclassic.com

www.burmeseclassic.com

မင်းရှေ့မှာ
သတ္တိရှိခွင့် မပြုလိုက်ရတဲ့အတွက်
ဘယ်သူ့ကို
အပြစ်ပြောရပါ့။



www.burmeseclassic.com

www.burmeseclassic.com



- ၁၀ -

အင်းလျားကန်ပေါင်ရိုး ညနေခင်းကို စကားသံများဖြင့် တန်ဆာဆင်ထားပါသည်။ အုပ်စုလိုက်၊ အဖွဲ့လိုက် လမ်းလျှောက်သူ လျှောက်၊ ကန်ပေါင်မှာ ထိုင်သူ ထိုင်၊ စွန့်လွှတ်သူ လွှတ်နှင့် ရှိလို့ နေသည်။

ကျွန်တော့်မှာ မေးခနဲ အဆောင်မှာ အိပ်ပျော်သွားရင်းမှ နိုးလာသောအခါ မြတ်ကြီးက ပြန်မရောက်လာသေး။ မထူးပါဘူးဆို ပြီး တစ်ယောက်တည်း ဆရာမ ထားခင်ခင်ရှိသည့် အဆောင်ရှေ့က လမ်းထိပ်မှာ စောင့်နေမိသည်။ နှစ်ယောက်သား အင်းလျားကန်ပေါင် ရိုးမှာ ဘူးသီးကြော်စား၊ စကားလေး ဘာလေး ပြောရင်းက ဆရာမ ထားခင်ခင်က ကန်ပေါင်က ခုံတန်းမှာ ထိုင်မည်ဟုပြောသည်။ သို့နှင့် ခုံတန်းမှာ ဆရာမထားခင်ခင်နှင့် ကျွန်တော် ထိုင်နေမိပါသည်။

ကျွန်တော် စဉ်းစားမိနေတာက ဘာဖြစ်လို့ ဆရာမထား ခင်ခင်တစ်ယောက် ကျွန်တော့်လိုလူမျိုးနှင့် သည်လိုမျိုး ဘူးသီးကြော်

www.burmeseclassic.com

www.burmeseclassic.com



စား ကန်ပေါင်မှာ သမီးရည်းစားစုံတွဲလို လာထိုင်သလဲဆိုတာပဲ ဖြစ်ပါသည်။

'ကိုရဲကျော်… ဘာလဲ ရှင် စဉ်းစားနေတာက ကျွန်မက ရှင်နဲ့ ဘူးသီးကြော်အတူစား၊ သမီးရည်းစားလို ဒီကန်ပေါင်မှာ လာထိုင်သလဲဆိုတာ မဟုတ်လား'

'ဆရာမက အတပ်သိနေတာပဲ'

'ဒါ ဘာဆန်းသလဲရှင်၊ ကျွန်မလို မိန်းကလေးတစ်ယောက်က ရှင့်လို ယောကျ်ားသားတစ်ဦးကို ဒီလိုနေရာမှာ အတူတူထိုင်တာ ဘူးသီးကြော် အတူတူစားတာမျိုးကို ထူးခြားတယ်လို့ ရှင် တွေးမှာပေါ့၊ အထူးသဖြင့် ကျွန်မက ဆရာမဖြစ်နေတာဆိုတော့ ဟုတ်တယ်မဟုတ်လား။ ဒီလိုတွေးတာ သဘာဝကျပါတယ်'

ကျွန်တော် ဘာမှမပြောဘဲ ခေါင်းညိတ်ပြလိုက်ပါသည်။ ဆရာမ ထားခင်ခင်က အင်းလျားကန်ရေပြင်ကို စိုက်ကြည့်နေသည်။ ဘာစကားမှ မဆို၊ အတန်ကြာတော့မှ အနီးနားက ခဲတစ်လုံးကို ကောက်ပြီး ကန်ရေပြင်ထဲ ပစ်လိုက်သည်။ ရေထဲမှာ ဝဲဂယက်တွေ ထကုန်သည်။

'ကျွန်မ တက္ကသိုလ်တက်တဲ့ ကာလတစ်လျှောက်မှာရော အထက်တန်းကျောင်းသူဘဝမှာပါ ကျွန်မပေါင်းသင်းတာက ယောကျ်ားလေး များတယ်၊ ဘာဖြစ်လို့လဲဆို မိန်းကလေးချင်းကျတော့ ဝတ်တာစားတာကအစ သွားတာလာတာ အပေါက်အစ များတယ်၊ ဟိုစကား ဒီပို့၊ ဒီစကား ဟိုပို့နဲ့ အဲဒါတွေကို လိုက်ဖြေရှင်းရတာကက အလုပ်ရှုပ်

www.burmeseclassic.com



တယ်၊ ယောက်ျားလေးကျတော့ ဒါမျိုးမဟုတ်ဘူး၊ ဒီတော့ ဖြူဖြူစင်စင်နဲ့ပဲ ပေါင်းမိတဲ့၊ ပေါင်းတဲ့မိတ်ဆွေတွေကလည်း အခွင့်အရေးမယူဘူး၊ ဒါကြောင့် ယောက်ျားလေးမိတ်ဆွေ ကျွန်မမှာ များနေတာ၊ ဒါကို ကျွန်မ ခဏခဏ အဝေဖန်ခံရသေးတယ်'

ဆရာမ ထားခင်ခင်က သူမ ရင်တွင်းဖြစ်တွေကို အပီဖွင့်ဟလို့နေသည်။ သည်တော့မှပဲ ဆရာမထားခင်ခင်ကို ကျွန်တော် ကောင်းကောင်းကြီး နားလည်သွားပါသည်။ ယောက်ျားလေးတွေနှင့်ပေါင်းပြီး ယောက်ျားဆန်သော ဆရာမ ထားခင်ခင်၊ ဒါကြောင့်လည်း လက်စောင်းထက်နေတာလို့။

'ဒါကြောင့် ဆရာမက မိန်းမ မဆန်သော မိန်းမဖြစ်နေတာ၊ သွားတာ လာတာ ပြောတာဆိုတာကအစပေါ့ ဆရာမရယ်'

ဆရာမ ထားခင်ခင်က ပြုံးလိုက်ပါသည်။ သူမအပြုံးကတော်တော်လေး လှပါသည်။

'သိပ်မချီးမွမ်းနဲ့ဦး၊ ကျွန်မမှာ မိန်းမဆန်တာတွေ ရှိတာပေါ့၊ သနားတတ်တယ်၊ တစ်ခါတစ်ရံမှာ ဆုံးဖြတ်ချက်ချဖို့ တွေဝေတတ်တယ်၊ နှုတ်ခမ်းနီ၊ ပါးနီ လိမ်းတယ်၊ အလှအပကြိုက်တယ်၊ အဝတ်အစား မက်တယ်၊ မိန်းမဆန်တာတွေ ရှိသေးတယ်၊ အများကြီးပဲကိုရဲကျော်ရဲ့'

'ဒါပေမဲ့ ဆရာမက ပန်းမကြိုက်ဘူးလေ'

'ဘာလဲ··· နေ့လယ်က ပန်းပေးတဲ့ကိစ္စကို မကျေနပ်လို့လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… မဟုတ်ပါဘူး ဆရာမရယ်'

ထို့နောက်တော့ ကျွန်တော်တို့နှစ်ယောက် ဟိုအကြောင်း ဒီအကြောင်းတွေ ပြောဖြစ်ကြပါသည်။

'ကိုရဲကျော်… စာလည်း ကျက်ဦးနော်၊ ကိုယ့်ရည်ရွယ်ချက်ကို အပျက်မခံနဲ့'

'ဟုတ်ကဲ့ပါ ဆရာမ'

ညနေစောင်းလို့ပြန်ခါနီးမှာ ဆရာမထားခင်ခင်က ကျွန်တော့်ကို သတိပေးပါသည်။ ကျွန်တော်နှင့် ထားခင်ခင်တို့ နှစ်ယောက်သား လမ်းလျှောက်လို့လာနေစဉ် ကျွန်တော်တို့ ရှေ့တည့်တည့်မှာ လူတစ်ယောက်က ခွေးကြီးတစ်ကောင်ကို ကြိုးနဲ့ဆွဲရင်း လာနေပါသည်။ ခွေးကြီးက တော်တော်ကြီးပါသည်။ အိမ်ခြံဝင်းကောင်းကောင်းနှင့် အိမ်မျိုးမှာ ခြံလုံခြုံရေးအတွက် မွေးထားသော ခွေးမျိုး ဖြစ်လိမ့်မည်။ ကြိုးကိုသာ လွှတ်ပေးလို့က လိုက်ကိုက်မှာ မလွဲ။ ယခုလည်း ခွေးထွက်ကျောင်းတာပဲ ဖြစ်လိမ့်မည်။

'ဟဲ့… သမီး၊ မတွေ့ရတာ အတော်ကြာပြီ၊ အခု ဘယ်အဆောင်မှာလဲ'

ကျွန်တော် ဒူးတွေတုန်သွားပါသည်။ ဘာကြောင့်လဲဆို ခွေးကို ကြိုးနှင့်ဆွဲထားသော ဦးလေးကြီးက ကျွန်တော်တို့အနားမှာ ရပ်လိုက်ရင်းက ထားခင်ခင်ကို နှုတ်ဆက်လိုက်သောကြောင့် ဖြစ်ပါသည်။ ခွေးကြီးက လျှာကြီးထုတ်ပြီး အမြီးနန့်လိုက် ဟိုပတ်လိုက် ဒီပတ်လိုက်နှင့် ဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'သမီးက အခု မာလာဆောင်ရှေ့က အဆောင်မှာလေ၊ ဒါ
သမီးမိတ်ဆွေပါ'

ဆရာမ ထားခင်ခင်က ကျွန်တော့်ကို လက်ညှိုးထိုးပြသဖြင့်
ကျွန်တော်က ပြုံးလိုက်ပါသည်။

'ကိုရဲကျော်… ဒါ ကျွန်မ ခြောက်မိုင်ခွဲအဆောင်မှာ နေတုန်း
က အဆောင်ပိုင်ရှင်လေ၊ ဒီခွေးကြီးက ကျွန်မတို့ လက်ထက်ကတည်း
က မွေးထားတာ အခု တော်တော်ကြီးလာပြီပဲ'

ဆရာမ ထားခင်ခင်က ပြောပြောဆိုဆိုနှင့် ခွေးကြီးလည်ကုပ်
ကို သူမလက်တွေနှင့် ပွတ်သပ်လိုက်သည်။ ကျွန်တော် ကြက်သီး
တွေ ထသွားပါသည်။ မိန်းမသားဖြစ်ပြီး မကြောက်မရွံ့နှင့်။

'ဒီခွေးက အန့်မှတ်မိတယ်၊ သမီးကို အခုထိမှတ်မိနေတာ
ပဲ့ပါလား'

'ဟုတ်တယ် ကိုရဲကျော်၊ ကျွန်မ အားရင် ဒီရန်လုံကြီးနဲ့ပဲ
နေတာ'

ထားခင်ခင်က ဦးလေးကြီးလက်ထဲမှ ခွေးကိုဆွဲထားသော
ကြိုးကို ယူလိုက်သည်။ ထားခင်ခင် ဘာလုပ်ဦးလေမလဲ မသိပါ။

'ရန်လုံကြီးရေ… မှတ်မိလား၊ အို့… အို့…'

အရေးထဲ ဆရာမ ထားခင်ခင်က ခွေးကို မြှူပြီး ဆော့နေ
သည်။ မတော်လို့များ ကြိုးလွတ်သွားရင် ပထမဦးဆုံး ကိုက်ခံရမှာက
ကျွန်တော်ပဲ ဖြစ်ပါလိမ့်မည်။

'ဟဲ့… အမယ်လေး… အား…'

www.burmeseclassic.com

www.burmeseclassic.com



ခွေးကြီးက ကျွန်တော့်နားမှာ ရစ်သီရစ်သီလုပ်ရင်းက လျှာကြီးနှင့် ကျွန်တော့်ပုဆိုးကို လျက်လိုက်၊ လက်ကို လျက်လိုက် လုပ်သဖြင့် ကျွန်တော့်ခမျာ ကြောက်အားလန့်အားနှင့် အော်ဟစ် က ဖြစ်ချင်တာဖြစ် နောက်ကျခြေထောက် သစ္စာဖောက်ပုံစံမျိုး အနီးအနားကနေ အသားကုန် ထွက်ပြေးရပါတော့သည်။

ဆရာမ ထားခင်ခင်က ရယ်ရင်းမှ လှမ်းခေါ်တာကိုပင် မထားနိုင်တော့ပါ။ တကယ့်ကို တော်တော်ဆိုးတဲ့ ဆရာမ ထားခ ခွေးကြောက်တတ်တာကို မသိဘူး ထင်ပ။

အဆောင်ကိုပြန်ရောက်တော့ မြတ်ကြီးကို ပြောပြသော မြတ်ကြီးက ခွက်ထိုးခွက်လန် ရယ်ရင်းက ကျွန်တော့်သတ္တိကို ပယ်နယ်နယ် ဝေဖန်ပါသည်။

နောက်တစ်နေ့ ကျောင်းရောက်တော့ ဆရာမလေးထားခ က ကျွန်တော့်ကို ခနဲ့တဲ့တဲ့နှင့် စပြန်ပါသည်။

ဟဲ... ဟဲ... ယောကျ်ားဆိုပေမယ့် ခွေးကိုမကြောက် လို့ ဥပဒေရှိသလားဗျာ။

ﷺ ﷺ ﷺ

www.burmeseclassic.com

www.burmeseclassic.com

# တစ်နေ့တော့ တစ်နေ့ပေါ့

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ

သိပ်ရှင်းတယ်။

လူတိုင်း တစ်သက်မှာ

တစ်ခါတော့ ချစ်ကြတာချည်းပဲ။

(အလ်ဘတ်ကာမျူး)



www.burmeseclassic.com

www.burmeseclassic.com



- ၁၁ -

ယနေ့ တော်တော်ထူးခြားနေသည်။ ဘာဖြစ်လို့လဲဆိုလျှင် ...အားကို ပေါက်ပေါက်ဖောက်မတတ် စကားကြီး စကားကျယ်နှင့် ...ပြောလေ့ရှိသော မြတ်ကြီးတစ်ယောက် အမိဋ္ဌာန်ဝင်ထားသော ဝစီပိတ် ...နှင့်သည့် လူတစ်ယောက်လို ဘာစကားမှမပြောဘဲ ငြိမ်နေလို့ဖြစ်ပါ ...သည်။ မနက်မိုးလင်းတာနှင့် အိပ်ရာမှ အစောကြီးထလေ့ရှိသည့် ...သည်ကောင် ကျောင်းသွားခါနီး အချိန်ထိတောင် ခြင်ထောင်ထဲက ...ထွက်ဘဲနေလို့ ကျောင်းနောက်ကျမှာစိုးသဖြင့် ကျွန်တော်ခများ နှိုးရ ...ပါသေးသည်။

ဦးချစ် လက်ဖက်ရည်ဆိုင်ရောက်တော့လည်း လက်ဖက်ရည် ...သောက်မလား မေးသောအခါ သူက လက်ခါပြပြီး သူ့စာသင်ခန်း ...သို့ နေးကွေးလေးလံသောခြေလှမ်းတွေနှင့် သွားတာကို ကျွန်တော် ...တွေ့ရပါသည်။

မြတ်ကြီးတစ်ယောက် စာသင်ခန်းသို့ ရောက်သော...ခါ ...ကြီးကို အတန်းထဲမှာ မတွေ့ရ။ ကန်တင်းမှာ ...မလားရှာ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း အရိပ်အယောင်ကို လုံးဝမတွေ့ရ။ မထူးပါဘူးဆိုပြီး 'ရွှေ'စားသောက်ဆိုင်မှာ ခေါက်ဆွဲကြော်မှာပြီး စားနေမိပါသည်။

'မကျွေးတော့ဘူးလား ကိုရဲကျော်'

ခေါက်ဆွဲကြော် စားနေတုန်း အသံကြားရသဖြင့် ကျွန်တော် စားလက်စဖွန်းကို ချပြီး ကြည့်လိုက်သောအခါ ဆရာမထားခင်ခင် ဖြစ်လို့နေပါသည်။

'ဆရာမလေးပါလား၊ လာလေ... ဆရာမ'

'လာမှာ... မပူနဲ့၊ အခုမှ စာကြည့်တိုက်ဂျူတီက ထမင်း ချိန်မို့ ထွက်ရတာ၊ ဗိုက်ဆာနေပြီ၊ ကြာဆံကြော် ကြက်သားနဲ့ မှာ ပါ'

'ဟော့... ကြာဆံကြော် ကြက်နဲ့တစ်ပွဲ လုပ်ပါ'

ဆရာမလေး ထားခင်ခင်က ကျွန်တော့်ဘေးနားက ခုံ ဝင်ထိုင်လိုက်ပြီးနောက် ကျွန်တော်က အလုပ်သမားကောင်လေး အော်ခေါ်ပြီး မှာလိုက်ပါသည်။

'ဆရာမ... ဒါနဲ့ ဒီနေ့ မြတ်ကြီး အတန်းတက်လာ ဒီကောင်နဲ့ပေါင်းလာတဲ့ သက်တမ်းတစ်လျှောက်မှာ ဒီနေ့ တော် ထူးခြားနေလို့'

'ဘယ်လိုထူးခြားတာလဲ ကိုရဲကျော်'

'ထူးခြားတာကတော့ မပြောနဲ့ ဆရာမရေ'

ဆရာမလေး ထားခင်ခင်က သည်နေ့ ကျွန်တော် ကြုံ ရသော အကြောင်းတွေကို ပြောပြသောအခါ ကြာဆံကြော် စား ရင်းမှ ပြုံးပြီးနားထောင်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါကတော့ သူ့မှာ တစ်ခုခုခံစားချက်ရှိလို့နေမှာ၊ လူတွေ ဟာ တစ်ခါတလေ ကိုယ် မျိုသိပ်ထားတဲ့ ခံစားချက်ကို လူမသိအောင် သိုဝှက်ရင်းက ပိုပြီးခံစားသထက် ခံစားရတာကို သူတို့ နားမလည်ကြ ဘာ သိပ်မှားတယ်၊ ခံစားချက်ဆိုတာ ဖွင့်အန်ထုတ်မှ နည်းနည်း သက်သာရာရတာ၊ အဲဒါမျိုးက ကောင်းကောင်းနားထောင်ပေးမယ့် သူက ဒီနေရာမှာ သိပ်အရေးပါတယ်'

ဆရာလေး ထားခင်ခင်က စကားရှေ့မဆက်တော့ဘဲ စား သက်စကြာခံကြော်ကို စားနေပါသည်။ ကျွန်တော့်မှာသာ စားလက်စ ခေါက်ဆွဲကြော်ကို ဆက်မစားနိုင်ဘဲ ဆရာမလေး ထားခင်ခင်တစ် ယောက် အမှုအရာက ယောကျ်ားလေးဆန်သလောက် ပြဿနာ တစ်ခုခုကို စဉ်းစားဆင်ခြင် ဝေဖန်သုံးသပ်သည့် နေရာကျတော့ ပြောဆိုရှင်းလင်းသည်မှာ အတော့်ကို ဆင်ခြင်တွေးဆဖို့၊ လေးစားဖို့ ကောင်းလိုက်တာဟု ကျွန်တော့်စိတ်ထဲကနေ ချီးကျူးနေမိပါသည်။

'ရဲကျော်'

မထင်မှတ်ဘဲ ကျွန်တော့်နာမည်မည်ကို ဝမ်းနည်းသည့် အသံမျိုးဖြင့် ခေါ်လိုက်သံကြားသောကြောင့် ကြည့်လိုက်သည့်အခါ သက်ထဲမှာ ကုံကော်ပန်းတွေ ကိုင်ထားသော မြတ်ကြီးကို တွေ့လိုက် ရပါသည်။

'မြတ်ကြီး လာလေကွာ၊ မင်းကွာ ဘယ်ရောက်နေတာလဲ'

မြတ်ကြီးက ကျွန်တော့်အမေးကို မဖြေဘဲ လွတ်နေသည့်ခုံမှာ ဝင်ထိုင်ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



'ရေခဲရေအေးအေးလေး ပေးပါ'

ရေခဲရေ မှာနေသော မြတ်ကြီးအား ဆရာမလေး ထားခင်ခ
က ဘာစကားမှမဆိုဘဲ လှမ်းလာအကဲခတ်နေပါသည်။

'မြတ်ကြီး… ဒီနေ့ ထူးခြားနေတယ်၊ မင်း စကားလည်း
မပြော၊ လက်ဖက်ရည်လည်း မသောက်၊ တစ်ခါဖူးမှ ပန်းတွေအ
တွေ တောင် ဘုရားပန်းမထိုးတဲ့ကောင်က ဒီနေ့ ဘယ်လိုဖြစ်က
ကာလဲကွာ'

စားသောက်ဆိုင်မှ အလုပ်သမားကောင်လေး ယူလာေ
သည့် ရေခဲရေကို မြတ်ကြီးကို တစ်ခါတည်း မော့သောက်ပါသည်

'ရင်ထဲမှာ လောင်မြိုက်နေပါပြီကွာ၊ ဘယ်လိုမှ ငြိမ်းသတ်
မရနိုင်တော့ပါဘူး'

ကျွန်တော် ခေါင်းနောက်သွားပါသည်။ သည်ကောင့်ရင်
မှာ ဘယ်လိုလောင်မြိုက်သလဲလို့။ သူ့အိမ်တွင်းရေးကိစ္စတော့ မ
နိုင်။ သူ့အစ်မရော နှမပါ နှစ်ယောက်စလုံး ယောကျ်ားရပြီးပြီ
သောကြောင့် ထိုကိစ္စသည်လည်း မဖြစ်နိုင်ပါ။

'ငြိမ်း နိုင်သလောက်တော့ ငြိမ်း ပေးမှာပေါ့ကွာ၊ ဘယ်
မီးက လောင်လို့လဲ'

'အချစ်မီးပေါ့ကွာ'

ကျွန်တော် အံ့အားသင့်သွားပါသည်။ တစ်ခါဖူးမှ မြ
ဆီကနေ အချစ်နှင့်ပတ်သက်သည့် စကားမျိုး မကြားဖူးသာကြေ
ပါ။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုအချစ်မိးလဲ မြတ်ကြီးရာ'

မြတ်ကြီးက ကျွန်တော့်မေးခွန်းကို မဖြေဘဲ သူ့ညာလက်ထဲမှာ ကိုင်ထားသည့် ကုံ့ကော်ပန်းတွေကိုသာ စိုက်ကြည့်နေပါသည်။

ပြီးတော့ ခတ်မင်းသားလေး သိန်းဇော် နှစ်ပါးကနေရင်းပန်းစည်းကို နမ်းသလိုမျိုး နမ်းလိုက်ပါသေးသည်။ တော်တော့်ကို စိတ်ပျက်စရာကောင်းသည့် မြင်ကွင်းပါပဲ။

'မင်း မသိပါဘူး ရဲကျော်ရာ၊ ငါ့မှာ သူငယ်တန်းကတည်းက ကျောင်းသွားဖော် သူငယ်ချင်းမလေး ရှိတယ်၊ သူတို့အိမ်မှာ ကုံ့ကော်ပင်တွေ ရှိတယ်၊ သူတို့အိမ်မှာ ကုံ့ကော်ပင်ရှိတယ်၊ ကုံ့ကော်ပင်တွေ ပွင့်တိုင်း ငါက သူ့ကို အပင်တက်ပေးပြီး ပန်းခူးပေးနေကျပေါ့ကွာ၊ ကိုးတန်းကျောင်းသားဘဝမှာ လူငယ်ပီပီ ချစ်သူတွေ ဖြစ်ခဲ့ကြတယ်၊ သူ ငါတို့မြို့က ပြောင်းသွားတဲ့အချိန်ထိ တို့နှစ်ယောက် အဆက်အသွယ်မပြတ်ဘူး၊ ပညာပြည့်စုံရင် လက်ထပ်ကြမယ်လို့ တစ်ဦးနဲ့တစ်ဦးက ကတိတွေ ပေးခဲ့ကြတာ၊ သူလေးက သူ့အတိုးအသွားတွေ ကွယ်လွန်တော့ အမွေရတယ်၊ စာကလည်း တော်တော့ ဆေးတက္ကသိုလ်တက်ရင်း သူလို ပိုက်ဆံချမ်းသာတဲ့ ဆေးကျောင်းသားနဲ့ မင်္ဂလာဆောင်တဲ့သတင်း မနေ့က သတင်းစာထဲမှာ ပါလာတယ်ကွာ၊ ဒါ ကတိကို သူ ချိုးဖောက်တာ၊ မေတ္တာစူးမှာ မကြောက်ဘူးလား မသိဘူး၊ ငါ့ရင်ထဲက မြတ်နိုးရတဲ့ သူ့ကို ငါ့တစ်ဘဝလုံး ခွဲရပြီကွာ၊ ဘာလုပ်ရမှာလဲ၊ သူ သစ္စာဖောက်ရက်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ခမျာ မြတ်ကြီးကို တော်တော်သနားသွားပါသည်။ သူ့ရင်တွင်းဖြစ်ကိစ္စကို နားထောင်ရုံသာမက သူ သည်လောက် ခံစားချက်တွေ ရင်ဖွင့်တာ အာခေါင်ခြောက်လို့ ရေလည်းထပ်သောက်ချင်ရှာပါလိမ့်မည်။

'ရေခဲရေတစ်ခွက် မြတ်ကြီးအတွက် ထပ်ပေးပါဦးဟေ့'

ကျွန်တော်က လှမ်းမှာလို့အဆုံး မြတ်ကြီးက…

'ရေခဲရေမှာလည်း ဘာထူးမှာလဲကွာ၊ ငါ့လိုအင်တွေ ခေတ္တမေ့ပျောက်သွားမှာမှ မဟုတ်တာ၊ ဒီဆုံးရှုံးခဲ့ရတာကိုပဲ ငါ ခံစားပါရစေ'

မြတ်ကြီးခမျာ အတည်လှမ်းနေပါသည်။ သည်နေ့တော့ ကျွန်တော် သည်ကောင့်ကို ဘယ်လိုနှစ်သိမ့်သိမ့်ရမည် မထင်။

'ကိုမြတ်ကြီး… ကျွန်မ နည်းနည်းလောက် စကားပြောလို့ရမလား'

မထင်မှတ်ဘဲ ဆရာမလေး ထားခင်ခင်က မြတ်ကြီးအား မေးပါသည်။

'ပြောလို့ရပါတယ် ဆရာမရယ်'

ဆရာမလေး ထားခင်ခင်က ပြုံးလိုက်ရင်း…

'ကိုမြတ်ကြီး… ကိုမြတ်ကြီးလည်း ဒဿနိကဗေဒ အတွေးပြေနဲ့ ဂုဏ်ထူးတန်းတက်နေတာပဲ၊ အဲလ်ဘတ်ကမျူးရဲ့ စီစီဖော့စ်ပုံပြင်နဲ့ မစစ်မှန်သော ဖြစ်တည်မှုကို သိမှာပါ၊ အဲဒါသိရင် ရှင် ငြိမ်းချမ်းသွားမှာပဲ၊ မထားအပ်တော့ဘဲ မျှော်လင့်ချက်တွေ ထားနေရင် အသက်

www.burmeseclassic.com



ရှင်ပြီးနေရတဲ့ ဘဝဟာ မစစ်မှန်တဲ့ ဖြစ်ကာသီမှုပဲ ဖြစ်တော့မှာပေါ့၊ အဲဒါက ကိုယ့်ရှင်ခန္ဓာကို သတ်သေတာ မဟုတ်ပေမယ့် ကိုယ့်ရဲ့ ဒဿန ကိုယ့်ရဲ့ဆန္ဒ အနာဂတ်တွေကို ကိုယ့်ဘာသာကိုယ် အဆုံး စီရင်လိုက်သလို ဖြစ်နေမှာပေါ့၊ လူဆိုတာ ဘဝမှာ တစ်ခါတော့ ချစ်ခွင့်ရှိပါတယ်၊ ရှင့်ချစ်သူလည်း ဘဝမှာ တစ်ခါလောက် ရှင့်ကို ချစ်ပြီးမှ ရောက်ရှိလာတဲ့ အနေအထားအရ သူ့ရွေးချယ်မှုကို သူ ရွေးချယ်တာ လက်ခံပေးလိုက်ပါ၊ သူ ရွေးတာ သူ့အမှန်တရားပဲပေါ့၊ ဒါက ရှင် ခံစားနေရတာကို ကျွန်မ နားလည်ပေးကြည့်တာပါ'

မြတ်ကြီး ဘာမှပြန်မပြောနိုင်ပါ။ ကျွန်တော်လည်း ဘာမှ ပြန်မပြောနိုင်။

ဘာဖြစ်လို့လဲဆိုလျှင် ဆရာမလေး ထားခင်ခင် ပြောဆိုတာ တွေက အသေအချာ စဉ်းစားကြည့်လျှင် 'ဒက်ထိ'မှန်နေလို့ ဖြစ်ပါ သည်။

'ဆရာမ ပြောတာ ဟုတ်ပါတယ်၊ ဘဝမှာ တစ်ခါတည်း ချစ်မိခဲ့တာကို ကျွန်တော်က ပစ္စုပ္ပန် အနာဂတ် မကြည့်ဘဲ အတိတ် ကို တစ်သက်စာအတွက် ထင်မိတာကိုး၊ မျက်စိတစ်မှိတ်အတွင်းမှာ တိမ်တွေတောင် အရောင်ပြောင်းသေးတာ၊ ကျွန်တော် သဘောပေါက် ပါပြီ၊ အချစ်ဆိုတာ သူ့ဟာနဲ့သူ ခွဲခြားတာ အကောင်းဆုံးပဲ ဆရာမ ရယ်'

ဒီတစ်နေ့တော့ မြတ်ကြီးကို ကျွန်တော် တော်တော်လေးစား ချင်သလို ဖြစ်သွားပါသည်။

www.burmeseclassic.com



သူနှင့် ကျွန်တော် တွဲသမျှ ကာလပတ်လုံး သည်နေ့ပြော သောစကားလောက် တန်ဖိုးရှိတာ မရှိလို့ ဖြစ်ပါသည်။

၃၉

အချစ်ဆိုသည်မှာ ခံစားချက်ကြောင့် အတွေးအခေါ် မြင့်မြင့် မားမားတွေ ထွက်လာရင်း ကျေနပ်စရာဖြစ်တာ မည်သည့်တန်ခိုးရှင် မှ ဖန်တီးတာ မဖြစ်နိုင်။

ခံစားသူနှင့်သာ သက်ဆိုင်ပါလိမ့်မည်။

၄၀

မြတ်ကြီးဆီက အချစ်နှင့်ပတ်သက်သည့် စစ်မှန်သော စကား တွေ ထွက်လာဖို့ နှစ်သိမ့်ပြောဆိုပေးသော ဆရာမလေး ထားခင်ခင် ကို ကာယကံရှင် မြတ်ကြီးတော့ မသိ။

ကျွန်တော်ကတော့ ကျေးဇူးတော် အခါခါတင်နေမိပါသည်။

၄၁

ဟုတ်ပါသည်… ဆရာမလေး ထားခင်ခင်။

အချစ်ဆိုတာ တစ်ဘဝမှာ တစ်ခါတော့ ချစ်ကြသည်ဆိုလျှင် ဖြင့် အခုမှ အချစ်ကိုစချစ်ဖူးသော ကျွန်တော်က ဆရာမလေး ထား ခင်ခင်ကို မြတ်နိုးမိသွားပါသည်။

မြတ်နိုးမိခြင်းနှင့်အတူ နောင်တော့ ကျွန်တော်လည်း ဆရာမ လေးထားခင်ခင်ကို မေးခွန်းတစ်ခု မေးရပါဦး မည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေး ထားခင်ခင်ကတော့ ဘဝမှာ တစ်ခါလောက် ချစ်သူရည်းစားကို ချစ်ခဲ့ပြီးပြီလားလို့ပါ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



မြေကြီးရဲ့အနံ့အသက်ကို ပြောဖို့
မြေကြီးထဲ လက်ထိုးသွင်းပြီး
နမ်းကြည့်ရင် သိနိုင်ပါတယ်။
ကိုယ့်လက်ကို ကိုယ့်ဘဝဖြစ်တည်မှုထဲ
ထိုးသွင်းကြည့်လိုက်ပါရဲ့
ဘာအနံ့အသက်မှလည်း
မရပါလားကွယ်။

(ဆိုရန်ဂါဂါးဂက်)



www.burmeseclassic.com

www.burmeseclassic.com



- ၁၂ -

သည်ရက်တွေမှာ မြတ်ကြီးတစ်ယောက် ခါတိုင်းလို ပြန်ဖြစ်သွားပါသည်။ ဟိုရက်တွေတုန်းက သူ ခံစားခဲ့ရတာတွေကို မေ့သွားပြီလို့ပဲ ပြောရပါလိမ့်မည်။ အရင်လို စကားကို ပေါင်ဖွာဖွာနှင့် ပြောသံ၊ ဆိုသံ၊ ဆွေးနွေးသံများကို အဆောင်မှာ ပြန်လည်ကြားနေရပြီ ဖြစ်သည်။

'ရဲကျော်… ဒီနေ့ ငါ လက်ဖက်ရည်တိုက်မယ်'

သိန်းငါးရာ ထီပေါက်သလိုမျိုး ကျွန်တော် ဝမ်းသာသွားပါသည်။ မြတ်ကြီးတစ်ယောက် ကျွန်တော့်ကို လက်ဖက်ရည်မတိုက်သည်မှာ တော်တော်ကြာခဲ့ပါပြီ။ အခုမှ ဘာစိတ်ကူးပေါက်သလဲ မသိပါ။

'မုန့်ရော ပါသေးလား'

'မင်း စားချင်တာ စား'

'ဟေး…'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထခုန်လိုက်ပါသည်။ ဖြစ်ချင်တာဖြစ်၊ သည့်နေ့ မနက်စာအတွက် ထမင်းလွတ်အောင်လို့ကို အားပေးလိုက်မည်လို့။ ကျောင်းသို့ မြတ်ကြီးနှင့် ကျွန်တော်အသွား ကျွန်တော်က လက်ဖက် ရည်ကို အပြတ်တွယ်ပစ်လိုက်မည်ဟု လမ်းတစ်လျှောက်လုံး စိတ်ကူး လာခဲ့ပါသည်။

'စားကွာ… ရဲကျော်၊ မှာ…'

မြတ်ကြီး လွတ်သဘောကောင်းနေပါသည်။ ဦးချစ်ဆိုင် ရောက်ရောက်ချင်းမှာပဲ သူက ပြောသဖြင့် ဝက်သားပေါက်စီတစ်ပွဲ နှင့် ကျဆိမ့်ရှယ်လက်ဖက်ရည်တစ်ခွက် ကျွန်တော် မှာလိုက်ပါသည်၊

'အေးကွာ… ငါလေ သိပ်မှားသွားတယ် ရဲကျော်၊ လူဆိုတာ မိမိဘဝကိုမိမိ မှန်မှန်ကန်ကန် သိမြင်နားလည်ဖို့ပဲကွ၊ ကိုယ်နဲ့ အနီး ကပ်ဆုံးဖြစ်တဲ့ ကိုယ့်ဘဝကိုယ် နားမလည်သေးဘဲ ကိုယ်နဲ့ အလှမ်း အလှမ်းဝေးလွန်းလှတဲ့ စကြဝဠာကြီးကို အမိဖမ်းပြီး ဆင်ခြင်နေတာ ဟာ ဘာအဓိပ္ပာယ်ရှိမှာလဲကွာ၊ ဟုတ်ဘူးလား'

ပေါက်စီတစ်လုံးကို စားလို့မပြီးခင်မှာ မြတ်ကြီးက စကား လုံးတွေ လွှတ်ပါတော့သည်။ သည်ကောင် ဘာပြောချင်သလဲ မသိ၊ သူ ပြောနေတာက ဒဿနပညာရှင် ဒိန်းမတ်လူမျိုး 'ဆိုရန်ကဲကီးဂက်' ၏စကားတွေ ဖြစ်နေလို့ပါ။ နည်းနည်းတော့ မသိချင်ယောင်ဆောင် ပြီး မြတ်ကြီးအား မီးမြှင့်ပေးရပါဦးမည်။

'ဟုတ်တာပေါ့ မြတ်ကြီးရာ၊ လူဆိုတာ ကိုယ့်ဘဝကိုသိ သိရမှာပေါ့၊ ငါ ခေါက်ဆွဲကြော်တစ်ပွဲ ထပ်မှာမယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



'သူငယ်ချင်း မှာကွာ… အချစ်ကြောင့် ကုန်ကျမယ့်အချိန်တွေနဲ့စာရင် ငါ့သူငယ်ချင်းစားတာ ပိုပြီးတန်ဖိုးရှိတယ်၊ လူမှာ တန်ဖိုးက အဓိကပဲ'

မြတ်ကြီး ပြောတာ ဟုတ်ပါသည်။ ဈေးကြီးသော၊ တန်ဖိုးကြီးသော ခေါက်ဆွဲကြော်ကို မနက်စာ အလွတ်စားရသည်မှာ မင်္ဂလာရှိလှပါသည်။ မင်္ဂလာရှိခြင်းနှင့်အတူ မြတ်ကြီး၏ စကားလုံးတွေကလည်း နားနှင့်မဆံ့အောင် ကျွန်တော့်ခမျာ ဝင့်ခုကွ အကြီးအကျယ်ခံစားနေရပါသည်။

'လူ့ဘဝဆိုတာ ငါတို့ ရန်ကုန်တက္ကသိုလ်ကြီးက သစ်ပုပ်ပင်ကြီးလိုမျိုး ဖြစ်သင့်တယ်'

'ဒါပေါ့ မြတ်ကြီးရာ၊ မှန်တာပေါ့'

ဆိုင်ဆိုင် မဆိုင်ဆိုင် ထွက်ယောက်ခံလိုက်သဖြင့် မြတ်ကြီးကျေနပ်သွားပုံရပါသည်။

'ရဲကျော် ကြည့်စမ်း၊ သစ်ပုပ်ပင်ကြီးဟာ ခေတ်တွေ၊ သမိုင်းတွေကို ဖြတ်သန်းခဲ့ပြီးပြီ၊ သူ့ရင်ဘတ်ကြီးထဲမှာ သိခြင်းတရားတွေကို ထည့်ထား၊ မသိချင်ယောင်ဆောင်ပြီး ဒွေဒဏ်၊ လေဒဏ်၊ မိုးဒဏ်၊ ဆောင်းဒဏ်တွေကို ကြံ့ကြံ့ခံတာ တွေ့လား၊ ငါတို့လို လူမျိုးတွေလည်း သူ့ကို နည်းယူသင့်တယ်၊ သက်မဲ့ကတောင် ဒီလိုဖြစ်ရင် သက်ရှိအရော ခံနိုင်ရည်မရှိရဘူးလား၊ မရှိသင့်ဘူးလား'

သေချာပါသည်။ မြတ်ကြီး ပြောတော့မှ ကျွန်တော် ခံနိုင်ရည်မရှိတော့မှန်း သိလာရပါသည်။ မနက်ကတည်းက အိမ်သာ

www.burmeseclassic.com

www.burmeseclassic.com



မတက်ရသေးတာ။ အခုလည်း မြတ်ကြီး ကျွေးသမျှ စားကောင်းကောင်းနှင့် စားထည့်လိုက်တာ ဗိုက်ထဲ အတော်ပြည့်သွားလို့ ထင်ပါသည်။ ကျွန်တော့်ခမျာ အိမ်သာတက်ချင်လာပါသည်။

'မြတ်ကြီးရေ… သစ်ပုပ်ပင်ကြီးလို ခံနိုင်ရည်ရှိဖို့က အသာထားဦးကွာ၊ အခု ငါ အိမ်သာတက်ချင်လာလို့ ပြေးပြီဟေ့၊ မင်းရှင်းပြီးရင် မင်းရဲ့အတန်းကို သွားတော့၊ နေ့လယ်ကျမှ ဆုံမယ်၊ သွားပြီဟေ့'

'ဟေ့ကောင်… ရဲကျော်၊ မင်း ဒါမျိုးမလုပ်နဲ့လေကွာ၊ ဒီမှာ ငါ ပြောစရာရှိသေးတာ'

လက်ဖက်ရည်ဆိုင် စားပွဲကနေပြေးထွက်သွားကာ ကျွန်တော့်ကို မြတ်ကြီးက ရှုံ့တွသည့်မျက်နှာအမူအရာနှင့် အော်ပြောပြီး ကျန်ခဲ့ပါသည်။ သည်ကောင် နည်းနည်းတော့ ဖုသွားလောက်ပြီ ထင်ပါရဲ့။

မကာတ်နိုင်ပါ။ အန္တရာယ်ဆိုတာ ထိန်းချုပ်ထားတာနှင့်စာလျှင် ဖွင့်ချလိုက်ရတာ အကောင်းဆုံးပဲ မဟုတ်ပါလား ခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ
နှမ်းမြုပ်နေတဲ့
သခေါ်ကြီးပေါ်က
ကုန်းပတ်ပေါ်မှာ
ရန်ဖြစ်နေတာမျိုး
မဟုတ်ရေးချ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



- ၁၃ -

အဓိပတိလမ်းမကြီးမှာ လူသူကင်းရှင်းလို့ နေသည်။ တနင်္ဂနွေနေ့ကလည်း ဖြစ်လို့ ကျောင်းပိတ်ထားတာလည်း ပါပါလိမ့်မည်။ ကျွန်တော်က သထုံဆောင်ရှိ အခန်းထဲက သူငယ်ချင်း ဝင်းဖော်ဆီ ငှားထားတဲ့ PAPER (3) စာအုပ် သွားပြန်ပေးပြီး ပဲခူးဆောင်ရှေ့က တမာပင် ခုံတန်းလျားမှာ ထိုင်နေမိသည်။ တစ်ခါတလေ သည်လို တစ်ယောက်တည်း အေးအေးလူလူထိုင်ရတာ တော်တော့်ကို ဇိမ်ကျ ကောင်းပါသည်။ ကိုယ်တွေးချင်တာ တွေးရလို့ပါ။

တွေးချင်တာ တွေးဆိုလို့ ယခုရက်အတွင်းမှာ ဆရာမလေး ထားခင်ခင်ကို မတွေ့ဖြစ်ပါ။ ဆရာမလေး ထားခင်ခင်ခမျာလည်း ကျူတိုရီယယ် အတန်းစောင့်ရ စာကြည့်တိုက် ဂျူတီဌာနအတွင်း ည်းအဝေးတွေက ရှိနေဆိုတော့ ကန်တင်းမှာထိုင်တာတောင် ခပ် တွေ့ရ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည်လည်း သည်ရက်ပိုင်းမှာ မြတ်ကြီးတို့နှင့် လက်ဖက်ရည်ဆိုင်တောင် မထိုင်မိပါ။ အဆောင်မှာ စာတွေ ဘာတွေ ကျက်နေမိသည်။ မကျက်လို့က မဖြစ်။ ဘာဖြစ်လို့လဲဆိုလျှင် ယခု နှစ် ကျပါက အပြင်ဖြေဖြစ်လျှင် ပွဲက ပြီးပြီ။ ထို့အပြင် ရှေ့လတွင် ကျင်းပတော့မည့် ရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်ကြီးကလည်း ရှိဆိုတော့ ထိုရက်တွေမှာ ဘယ်လိုနည်းနှင့်မှ စာက ကျက်ဖြစ်မှာ မဟုတ်။ သင်ရိုးက မပြောင်းသဖြင့် မနှစ်ကစာတွေ ကျွန်တော့်မှာ အဆင်သင့်ရှိသဖြင့် ဘာမှမလို။

မထူးပါဘူး ဆိုပြီး 'ဟိုင်း' လက်ဖက်ရည်ဆိုင်ဘက်ထ ကျွန်တော် ထွက်လာခဲ့သည်။ လက်ဖက်ရည်နှင့် ကော်ပြန့်စိမ်းစားပြီး မှပဲ အဆောင်ပြန်တော့မည်လို့။ တက္ကသိုလ် အပန်းဖြေရိပ်သာရှေ့ အရောက်မှာ ကျောင်းပိတ်ပေမယ့် ဖွင့်ထားသော 'ချန်စယ်လာ' လက်ဖက်ရည်ဆိုင်ထဲကို လှမ်းကြည့်မိပါသည်။ ဆိုင်ထဲမှာ ဘယ်သူ များ ရှိနေမလဲလို့။

ဖြစ်ချင်တော့ ကျွန်တော်က လှည့်အကြည့်နှင့် ဆိုင်ရှေ့ စားပွဲဝိုင်းမှာ လက်ဖက်ရည်သောက်နေသော ဆရာမလေး ထားခင် ကလည်း ကျွန်တော့်ကို မြင်သွားပါသည်။ သူမဘေးနားမှာ အ သမီး အဖော်တစ်ယောက်ကို ပြန်တွေ့ရသည်။ ဆရာမလေး ထား ခင်ကို မနှုတ်ဆက်လျှင် မကောင်းဘူးဆိုပြီး ကျွန်တော်က သွား သည်။

'ကိုရဲကျော်… ဘယ်လိုလာတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဪ... သထုံဆောင်က သူငယ်ချင်းဆီ စာအုပ်ပေးရင်း ပြန်လာတာ၊ 'ဟိုင်း'မှာ လက်ဖက်ရည်သောက်ဖို့ အီကိုဘက်အပေါက် က ထွက်မလို့'

'ဟိုင်းမှာ မသောက်ပါနဲ့၊ ဒီမှာပဲသောက်၊ လာ...'

ဆရာမလေး ထားခင်ခင်က ထိုင်ခုံတစ်ခုံ ဆွဲယူပေးပါသည်။ ကျွန်တော်လည်း ထိုင်ခုံမှာ ဝင်ထိုင်ရင်းက လက်ဖက်ရည်တစ်ခွက် လှမ်းမှာပါသည်။

'ကျွန်မတို့လို ဌာနက ဆရာမတွေ ဆရာတွေလည်း တွေ့ဆုံပွဲ ညစာစားပွဲတို့ပြီးတော့ ပြပွဲပါရှိတော့ ဌာနစာကြည့်တိုက်မှာ စာအုပ် တွေ စာရင်းအလိုက် လုပ်ရ၊ ပြပွဲမှာပြဖို့ ကဒ်စ္စတွေပါ ဝိုင်းလုပ်ရနဲ့ ဒီနေ့တောင် အချိန်ပိုလာလုပ်ပေးနေရတာ၊ အခုမှ ဗိုက်ဆာလို့ ထွက် လာတာ'

ရောက်ရောက်ချင်းဆိုသလို ဆရာမလေး ထားခင်ခင်က ရှင်းပြပါသည်။ သူမ ဘေးနားမှာရှိသည့် အမျိုးသမီးက ကျွန်တော့်ကို မသိမသာနှင့် အကဲခတ်နေပါသည်။

'ဪ... ဒါ ကျွန်မရဲ့ သူငယ်ချင်းလေ၊ သူလည်း ရူပဗေဒ နည်းပြ ဆရာမပဲ'

'ဟဲ့... ပန်းအိ၊ ဒါ ကိုရဲကျော်တဲ့၊ အင်္ဂလိပ်စာ နောက်ဆုံး နှစ်ကလေ'

ပန်းအိဆိုသော ဆရာမက ကျွန်တော့်အား အသိအမှတ်ပြု သည့် အနေမျိုးနှင့် ပြုံးပြသည်။ ကျွန်တော်ကလည်း ပြန်ပြုံးပြလိုက် ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… သူက အားနာစရာမရှိဘူး၊ နင် ဘာပြောမှာ၊ တိုင်ပင်မှာမို့လဲ'

ဒုက္ခပါပဲလို့ ကျွန်တော့်ဘာသာ ကျွန်တော် စိတ်ထဲကနေ ရေရွတ်နေမိသည်။ သူတို့ဘာသာ သူတို့ မိန်းမသားချင်း အဘယ်ကဲ့သို့သောကိစ္စများ ရှိသဖြင့် တိုင်ပင်နေကြတာကို ကျွန်တော်က အလိုက်ကန်းဆိုးမသိဘဲ ဆရာမလေး ထားခင်ခင်က ဝတ်ကျေတန်းကျေနှုတ်ဆက်ရင်းက လက်ဖက်ရည်သောက်ဖို့ ခေါ်တာကို ကျွန်တော် ဝင်ထိုင်မိတာ မှားများမှားသွားပြီလား မသိပါ။

'ထားခင်ခင်ရယ်… နင် စဉ်းစားကြည့်စမ်း၊ သူနဲ့ ငါနဲ့ အိမ်ထောင်ဘယ်ပြုလို့ ဖြစ်မလဲ'

ပန်းအိဆိုသော ဆရာမက စိတ်ပျက်သည့် လေသံမျိုးဖြင့် ပြောရင်းက သောက်လက်စ လက်ဖက်ရည်ကို ထပ်မံသောက်ချလိုက်၏။

'ဘာဖြစ်လို့လဲ ပန်းအိရဲ၊ နင်တို့နှစ်ယောက်က စိတ်တူကိုယ်တူ ပထမနှစ်ကတည်းက ချစ်လာကြတာ၊ အခုဆို အလုပ်အကိုင်ကိုယ်စီနဲ့ ဟိုကလည်း သင်္ချာအရာရှိ၊ နင်ကလည်း တက္ကသိုလ်ဆရာမ၊ ဘာဖြစ်လဲ… ကိုယ့်လမ်းကိုယ် လျှောက်နေနိုင်တာပဲဟာ'

'မဟုတ်ဘူးဟ၊ သူ့မှာက မောင်နှမ များတယ်၊ ငါနဲ့ သူနဲ့ ယူရင် သူ့အိမ်ကို သူက မထောက်ပံ့လို့ မရဘူး၊ ဒီလိုပဲ ငါကလည်း သူနဲ့ယူပြီးအိမ်ခွဲနေလို့က မရဘူး၊ အဖေနဲ့ အမေရယ်၊ အဘွားရယ်က ငါမရှိလို့ မဖြစ်ဘူး၊ ခက်ပါတယ် ထားခင်ခင်ရာ'

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်ကျသလိုမျိုး ဖြစ်သွားသည့် ပန်းအိဆိုသော ဆရာမကို ထားခင်ခင်က ကြည့်ပြီး ပြုံးပါသည်။ ပြီးတော့ လက်ဖက်ရည်ကို သောက်လိုက်ပါသေးသည်။

'ပန်းအိရယ်... နင်တို့နှစ်ယောက်အဖြစ်က ပင်လယ်ထဲမှာ နစ်မြုပ်နေတဲ့ သင်္ဘောကုန်းပတ်ပေါ်မှာ ရန်ဖြစ်နေသလိုမျိုး ဖြစ်နေတာပဲဟာ၊ အချစ်ဆိုတာ နင် လျှောက်တွေးနေလို့က ပြီးမှာမဟုတ်ဘူး၊ နင်နဲ့ နင့်အနာဂတ်အတွက် ထည့်မစဉ်းစားဘူးလား၊ နင် ဘာဆုံးဖြတ်ချက်ချမှာလဲ၊ နင့်ရည်းစားကို လက်ထပ်မှာလား၊ မထပ်ဘူးလား၊ နင် ဆုံးဖြတ်တာ အမှန်တရားတစ်ခုပဲ၊ အဲဒီလိုမှ ဆုံးဖြတ်ချက်ရဲရဲ မချရဲရင် နင် ရှုံးဖို့ပဲရှိမယ်'

'ဟဲ့... ထားခင်ခင်၊ နင်ကတော့ ပြောအားရှိတာပေါ့၊ နင့်မှာက ငါ့လို ခံစားဖို့ ရည်းစားမှ မရှိတာ'

မထင်မှတ်ဘဲ ထိုစကားကို ကြားလိုက်ရသဖြင့် ကျွန်တော့်ချော ထခုန်မတတ် ဝမ်းသာမိသွားပါသည်။ ပန်းအိဆိုသော ဆရာမလေးကို ထိုင်ရှိခိုးချင်စိတ်တောင် ပေါက်သွားပါသည်။ စောစောတုန်းက လက်ဖက်ရည်သောက်ရင်း လျှောက်ပြီးတွေးနေမိသော အတွေးတွေကို ကျွန်တော် အားနာမိပါသေးသည်။

'ရည်းစားထားတယ်ဆိုတာ ခံစားဖို့မှ မဟုတ်တာ ပန်းအိရယ်၊ တို့အရွယ်က ခံစားမှုကို အလွန်အကျွံ တပ်မက်နေစရာမှ မဟုတ်ဘူး၊ ငါဘဝမှာဆိုရင် ငါ့ရဲ့ ဆိုးတိုင်ပင် ကောင်းတိုင်ပင်၊ သူ့ဘဝကိုလည်း မြှင့်၊ ကိုယ့်ဘဝလည်း မြှင့်ရင်း ဘဝတစ်လျှောက် သာသည်ဖြစ်စေ စိတ်ချမ်းမြေ့ပေးစွမ်းမယ့်သူမျိုးဆို တော်ပါပြီ၊ အချစ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



လွတ်အောင်ဖြေရှင်းရတာ’

ကျွန်တော်က မသိမသာ ဆရာမလေး ထားခင်ခင်၏ မျက်နှာကို ခိုးကြည့်မိပါသည်။ ပကတိ သန့်စင်ပြီး ရိုးစင်းစွာ လှနေပါသည်။ ဆရာမလေး ထားခင်ခင်၏ ကိုယ်ပိုင်အယူအဆများကို သိခွင့်ရလိုက်သည့်အတွက် ကျွန်တော် အကျေနပ်ကြီး ကျေနပ်နေမိပါသည်။ ပြီးတော့ မဆီမဆိုင် ကျွန်တော် တွေးမိပါသေးသည်။ ဆရာမထားခင်ခင်က ကျွန်တော့်ကိုများ သွယ်ဝိုက်ပြောလေသလားလို့။ ထင်တော့ မထင်ကောင်းပါ။ ကိုယ့်စိတ်ရင်းအမှန်နှင့်ကိုယ် ပြောတာပဲ ဖြစ်ပါလိမ့်မည်။

✽

ပြောချင်ပါသည်။ ‘ပင်လယ်ထဲက နစ်မြုပ်နေသော သင်္ဘော ကုန်းပတ်ကြီးပေါ်မှာ ချစ်သူနှစ်ယောက် ရန်ဖြစ်စရာလည်း မလိုပါ။ အကောင်းရော၊ အဆိုးရော အမြဲတမ်း တိုင်ပင်ပါမည်။ နှစ်ယောက် သားဘဝတွေလည်း မြင့်သထက်မြင့်အောင် လုပ်ရပါမည်။ စိတ်လည်း ချမ်းသာစေရပါမည်။ အချစ်ဆိုတာ ဘာမှမဟုတ်ပါ။ တကယ့် လွယ်လွယ်လေးပါဆိုပြီး ထားခင်ခင်အား မျက်နှာချင်းဆိုင်ပြီး ရာသီဥတု သာယာကောင်းမွန်သော တစ်နေ့မှာတော့ ကျွန်တော့်နှုတ်ဖျား က ရင်ထဲမှလာသော စကားလုံးများဖြင့် ဖွင့်ဟပြောဆိုရပါဦးမည်။

ထိုအခါ ဆရာမလေး ထားခင်ခင် ဘာပြောလေမလဲ တစ်နေ့တော့ တစ်နေ့ပေါ့။

✽ ✽ ✽

www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်လမ်းတွဲ နိဂုံး

www.burmeseclassic.com

www.burmeseclassic.com



အချစ်မိုးရေစက်များ
သူမခန္ဓာကိုယ် အနှံ့အပြား
ရွာသွန်းပြီးသောအခါ
မြေပြင်သည် စွတ်စိုသွားပြီး
အလွမ်းတို့သည်
ငွေရည်ပွဲ့ကာ လွင့်ပြယ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



## - ၁၄ -

ရန်ကုန်တက္ကသိုလ် စိန်ရတုပွဲတော်ကြီးက တော်တော့်ကို စည်ကားပါသည်။ ပွဲတော်ရက်အတွင်းမှာ ကျွန်တော့်သူငယ်ချင်းတွေနှင့် ပြန်တွေ့ရသည်။ သူတို့အားလုံး အံ့သြနေကြသည်ကတော့ စိန်ရတုပွဲတော်ကြီးမှာ ကျွန်တော်က ဘယ်နေရာမှမပါလို့ ဖြစ်သည်။ အငြိမ့်ကတာလည်း မပါ။ ဌာနဈေးရောင်းပွဲမှာလည်း မပါ။ တခြားသောကိစ္စတွေမှာလည်း မပါသဖြင့် သူတို့ အံ့သြကြသည်မှာ ဆန်းတော့ မဆန်းပါ။ ကျွန်တော်ကတော့ ယခုနှစ်မှာမှ စာမေးပွဲမအောင်လျှင် အပြင်ဖြေဖြစ်မှာကို ကြောက်လန့်လို့ဟုသာ ရှင်းပြရပါသေးသည်။ ကျွန်တော့်အဖို့က ယခုနှစ် မအောင်လို့က မဖြစ်။ စာမေးပွဲအောင်လျှင် အိမ်ကလည်း ကျောင်းစရိတ်မထောက်ပံ့ဟု အမိန့်ထုတ်ထားပြီး ဖြစ်သည်။ ယခုနှစ်အောင်ပြီး ဘွဲ့ရမှသာ လုပ်စရာရှိတာတွေကို ကျွန်တော် လုပ်ရပါဦးမည်။

စိန်ရတုပွဲတော်ရက်များအတွင်းမှာ ဆရာမလေး ထွေးခင်ခင်မျှာလည်း အားမရပါ။ ဒဿနိကဗေဒဌာနမှာ အမ်ရောင်းဆိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ညစဉ် တာဝန်ကျပါသည်။ စိန်ရတုပွဲဈေးတော်သို့ သွားရင်းလာရင်းနှင့် ဆရာမလေးကိုတော့ နှုတ်ဆက်ပြုံးပြမိပါသည်။

ထိုပွဲတော်ရက်တွေများတော့ ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်ကြီးသည် သူ့ရင်ခွင်မှထွက်ခွာသွားသော သူ့ရင်သွေးတွေ သတိရလို့ ပြန်ရောက်လာသည့်အလား ပျော်နေသလိုမျိုး ကျောင်းသားဟောင်းကြီးများ၏ ရှေးဟောင်းနှောင်းဖြစ် စကားသံတွေက ရန်ကုန်တက္ကသိုလ် ပရဝုဏ်ကြီးတစ်ခုလုံး လွှင့်ပျံ့နေပါသည်။

ပွဲနှဲ့ရေးပြမည်ဆိုလျှင် ရန်ကုန်တက္ကသိုလ်ကြီးအဖို့ ထိုရက်များလောက် အပျော်ဆုံးရက်များ ရှိမည်မထင်ပါ။

ကျွန်တော် ကြုံချင်ပါသေးသည်။ ရန်ကုန်တက္ကသိုလ်ကြီး၏ ရာပြည့်ပွဲတော်ကို ကျွန်တော့်သားသမီးများရော မြေးနှင့်အတူ ပျော်ရွှင်စွာ ဆင်နွှဲချင်ပါသေးသည်။ အထူးသဖြင့် ကျွန်တော် မြတ်နိုးနေရသော ဆရာမလေး ထားခင်ခင်နှင့်ပေါ့။

သို့သော် အတွေးသည် တကယ်မဟုတ်လာဘူးလို့ရော မည်သူ ပြောနိုင်ပါမည်လဲ။

၁၈

'ရဲကျော်… မင်းကို ငါ မေးရဦးမယ်'

ညသည် မတိတ်ဆိတ်ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ နေထိုင်သော 'ပန်းခရေ'အဆောင်မှာက စကားပြောသူ၊ ကက်ဆက်ဖွင့်သူ၊ ဂစ်တာတီးသူ၊ စာကျက်သူ စသဖြင့် ရှိနေလို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဝရန်တာမှာ ထိုင်နေတုန်း မြတ်ကြီးက ဘယ်ကနေ ဘယ်လို အခေါင်ကိုပြန်လာသလဲ မသိ။ အခန်းထဲမဝင်သေးဘဲနှင့် ရောက်ရောက်ချင်းဆိုသလို မေးလိုက်ပါသည်။

'ဘာမေးမှာမို့လဲကွာ၊ မင်းဟာက တစ်နေ့လုံး သွားချင်ရာ သွားပြီး...'

'အေးကောင်... ရဲကျော် မရှုပ်နဲ့၊ ငါသွားတာ ငါ့အကြောင်းနဲ့ ငါ၊ အခု ငါက မင်းအကြောင်းကို မေးမလို့'

ကျွန်တော် နည်းနည်းတော့ ခေါင်းစားသွားပါသည်။ သည်ကောင် ဘာစိတ်ကူးပေါက်ပြီး ကျွန်တော့်ကို ဘာတွေမေးလေမလဲ မသိ။

'ဆရာမလေး ထားခင်ခင်ကို မင်း ချစ်နေတယ် မဟုတ်လား'

ကျွန်တော် ဘာပြောရမှန်း မသိပါ။ ဆရာမ ထားခင်ခင်ကို ကျွန်တော် စိတ်ဝင်စားနေကြောင်း တိတိလင်းလင်း သူ့ကို ဖွင့်မပြောဖူးပါ။ ဒါကို ကျွန်တော့်စိတ်ထဲမှာပဲ ရှိနေတာ သူ ဘယ်လိုသိလေသလဲ မသိ။

'နေပါဦး... ဆရာမလေး ထားခင်ခင်ကို ငါ မြတ်နိုးနေတာ မင်းကိုတောင် မပြောပြရသေးဘဲနဲ့ မင်းက ဘယ်လိုလုပ် သိနေတာလဲ'

'သိတာပေါ့ကွ... မနေ့က မင်းရဲ့ စာကြည့်စားပွဲမှာ ငါက ဘောပင်မင်ကုန်လို့ စာရေးမလို့ယူတုန်း မင်းရဲ့ ဒိုင်ယာရီစာအုပ်ကြား

www.burmeseclassic.com

www.burmeseclassic.com



မှာ ဘောပင်ညှပ်ထားတာတွေ့လို့ ယူတော့ ဒိုင်ယာရီထဲမှာ ထားခင်ခင် ဆိုတဲ့ နာမည်တွေ ရေးထားတာ တွေ့တယ်လေကွာ၊ ဘယ်သူက ကိုယ် စိတ်မဝင်စားတဲ့ မိန်းမတစ်ယောက်ရဲ့ နာမည်ကို ရေးမှာလဲကွ၊ ငါက ဒီလောက်တော့ အတွေးမညံ့ပါဘူးကွ၊ ဒဿနိကဗေဒ ယူထားတာပဲ'

အရေးထဲ မြတ်ကြီးက သူ့ကိုယ်သူ စွတ်တင်နေပါသည်။ ကျွန်တော်ဆိုသော ကောင်ကလည်း ကိုယ့်ကိစ္စကိုယ် မပိရိပါ။ သည် ကောင့်ပါးစပ်ကိုတော့ လက်ဖက်ရည်၊ မုန့်နှင့် ပိတ်ရပါဦးမည်။ နို့မို့ဆို သည်ကောင် လျှောက်ဖွရင် ကျွန်တော့်အနာဂတ် ပျက်သုဉ်းပြီ လို့။

'ရဲကျော်ရာ… မင်းဟာလေ နည်းနည်းလေး ခင်လိုက်တာနဲ့ ကြိုက်စရာလားကွ၊ မင်းက ဘွဲ့တောင်မရသေးဘူး၊ ဟိုက မဟာ ဝိဇ္ဇာဘွဲ့ရပြီးလို့ ဆရာမတောင် ဖြစ်နေပြီ၊ မင်းနဲ့ တူလို့လား၊ တန်လို့ လား၊ ဆရာမ ထားခင်ခင်က ထက်က ထက်ပါဘိသနဲ့ကွာ၊ မင်းရဲ့ စိတ်ကူးတွေကို ဖယ်ထုတ်လိုက်ပါ၊ မင်း ခံစားသွားရလိမ့်မယ်'

ကျွန်တော်က ဝရန်တာကနေ လမ်းမဘက်သို့ ကြည့်နေမိပါ သည်။ အဆောင်ရှေ့က လမ်းပေါ်မှာတော့ ရပ်ကွက်ထဲက ကလေး ငယ်တွေက ဓာတ်မီးတိုင်အောက်မှာ ဆော့နေကြသည်။

'အချစ်ဆိုတာ ဂုဏ်ဒြပ်၊ အဆင့်တွေနဲ့ သွားဆုံးဖြတ်လို့ မရဘူးကွ၊ မင်းတို့ရဲ့ ယုတ္တိဗေဒနည်းနဲ့ ပြောရမယ်ဆိုရင် မှန်တာ လည်း ရှိတယ်၊ မှားတာလည်း ရှိမယ်၊ အတိအကျ မပြောနိုင်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ငါက မေတ္တာတောင်းခံတဲ့အခါ သူ လက်ခံချင်လည်း လက်ခံနိုင်တယ်၊ ငြင်းလည်း ငြင်းနိုင်တယ်'

'နေစမ်းပါဦး ရဲကျော်ရ၊ မင်းက မင်းဘက်ကနေ ပြောနေရအောင် ဆရာမ ထားခင်ခင်မှာ ချစ်သူရှိရင် မင်း ဘယ်လိုလုပ်မလဲ၊ မင်း ခံစားရမှာ တနင့်ကြီးနော်'

မြတ်ကြီးက စာနာသည့်ပုံစံမျိုးဖြင့် ကျွန်တော့်ကို ကြည့်ရင်း ဘ ပြောပါသည်။ သည့်အတွက်တော့ သူ့ကို ကျွန်တော် ကြည်နူးမိပါသည်။ ကိုယ်နှင့်အတူနေသည့် အခန်းဖော်သူငယ်ချင်းတစ်ဦး ဒုက္ခရောက်အောင် စာနာပေးပါလားလို့။ ကျွန်တော့်အခန်းဖော်ဟောင်း ဆယ်လင်းလိုပါပဲ။

'တစ်ခါတုန်းက ငါက ဆရာမလေး ထားခင်ခင်နဲ့ လက်ဖက်ရည်ဆိုင်ထိုင်တော့ သူ့သူငယ်ချင်းမနဲ့ သူနဲ့ စကားပြောနေရင်းက သူမှာ ရည်းစားမရှိဘူးဆိုတာ ငါသိရတယ်၊ ဒါက ငါ့အတွက် အခွင့်အရေးပဲ၊ ပြီးတော့ မင်း မှတ်မိသေးလား၊ မင်းရဲ့ ရည်းစားအတွက် ခင်းခံစားခဲ့ရတုန်းက ဆရာမလေး ပြောခဲ့ဖူးတယ်လေ၊ ဘဝမှာ တစ်ခါ ဆက်တော့ ချစ်သူရည်းစားကို ချစ်ခဲ့မှာပါဆိုတာလေ၊ ရဲပွဲစွာနဲ့ ငါတ ဆရာမလေးကို မေးပြီးမှ အဲဒီမေးခွန်းရဲ့ အဖြေကို စိစစ်ပြီး ငါက ချစ်ရေးဆိုမှာပါကွာ'

မြတ်ကြီးက ကျွန်တော့်ကိုကြည့်ပြီး မသက်မသာပုံစံမျိုးနှင့် ခေါင်းခါပြပါသည်။ ဟုတ်တော့ဟုတ်ပါသည်။ မည်သူမဆို မြတ်ကြီး ပြီး ယူဆကြမှာ အမှန်ပါ။ ဖြစ်မှ မဖြစ်နိုင်တာ။

www.burmeseclassic.com

www.burmeseclassic.com



'ငါတို့ တက္ကသိုလ်ကြီးက အပျော်တွေရှိသလို အလွမ်းတွေလည်း ရှိတာ၊ အနာဂတ်မှာ ငါ့သူငယ်ချင်းတစ်ယောက် လွမ်းရမှာကို ငါ မမြင်ချင်ဘူးကွာ'

'ဒီမှာ မြတ်ကြီး၊ ငါက ဆရာမလေး ထားခင်ခင်အပေါ် ထားတဲ့ မေတ္တာအတွက် ငါ ယုံတယ်၊ ကောင်းကင်ကနေ ရွာချတဲ့ ငါ့အတွက် ဖန်တီးပေးထားတဲ့ မိုးရေစက်တွေဟာ ဆရာမလေး ထားခင်ခင်ကို ရွှဲစိုစေတဲ့အခါ သူမရဲ့ ခန္ဓာကိုယ်က စီးဆင်းလာတဲ့ မိုးရေတွေဟာ မြေပြင်မှာ စွတ်စိုပြီး အဲဒီမြေပြင်က အလွမ်းဆိုတဲ့ဟာက စိတ်ချ၊ ငွေ့ရည်ဖွဲ့ပြီး လွင့်ပြယ်ကုန်စေရမယ်'

ကျွန်တော့်စကားအဆုံး မြတ်ကြီးက ကျွန်တော့်ကိုကြည့်ပြီး ရယ်ရင်းက လက်ညှိုးထိုးပြီး…

'ရဲကျော် ပေပေါ၊ မင်းက ပေပေါ၊ တော်တော်ပေါတဲ့ ပေပေါ၊ မင်းတော့ကွာ… ငါ မထင်ဘူး'

'ဟား… ဟား… မင်း သွားပြီ၊ ဟား… ဟား…'

မြတ်ကြီး၏ ရယ်သံက တော်တော်ကျယ်ပါသည်။ တခြားအခန်းကသူတွေပါ ထွက်ကြည့်ကုန်ပါသည်။ ကျွန်တော်ကတော့ လမ်းမဘက်ကိုသာ ငေးကြည့်နေမိသည်။

မြတ်ကြီး မသိလို့ပါ။ ပေပေါတကာ့ ပေပေါထဲမှာ အချစ်ကြောင့် ပေါရတာ ဘယ်လောက်ဂုဏ်ရှိသလဲဗျာ။ သည်လိုစကားမျိုး ကျွန်တော့် သူငယ်ချင်းတွေ ခဏခဏပြောဖူးခဲ့လို့ ကျွန်တော် မနေနိုင်တော့ပါ။

၉၉ ၉၉ ၉၉

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုသည်မှာ
အိပ်မက်လည်း မဟုတ်။
အလွမ်းလည်း မဟုတ်။
အချစ်ဆိုသည်မှာ
အချစ်သာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



## - ၁၅ -

စာမေးပွဲများ နီးလာပြီဖြစ်သဖြင့် ရန်ကုန်တက္ကသိုလ်ထဲမှာ ကျောင်းသားအနည်းငယ်သာ ရှိသည်။ အတန်းသိမ်မတက်တော့ဘဲ ကိုယ့်ဘာသာကိုယ် အသီးသီး စာကျက်သူ ကျက်၊ စာကူးသူ ကူး၊ အခုမှ ဘာကျက်ရလျှင် ကောင်းမလဲ မေးသူမေးနှင့် ရှိနေကြသည်။

ကျွန်တော့်အဖို့တော့ စာတော်တော်များများက မနှစ်ကတည်းက ရထားပြီးတာတွေလည်း ရှိသဖြင့် အားနည်းသောဘာသာကို စိတ်ကျက်ထားသဖြင့် ယခုနှစ်အတွက် စိတ်မပူရတော့။ ဝုဏ်ထူးသာ ပေးလျှင် ရမည်။ မပေးလျှင် မရသာ နေမည်။ ကျတော့ မကျတာ ထိုက်သေးသည်။

သည်နေ့လည်း သထုံဆောင်က သူငယ်ချင်း ဝင်းဇော်နှင့် အတူ PAPER (1) မေးခွန်းဟောင်းများကို အလွတ်ပြန်ဖြေလေ့လာပြီး 'ဟိုင်း' လက်ဖက်ရည်မှာ လက်ဖက်ရည်တစ်ခွက်လောက် သောက်ပြီးမှ အဆောင်ကိုပြန်မည်ဆိုပြီး ရန်ကုန်တက္ကသိုလ် စာကြည့်တိုက် ရှေ့ကနေ ဖြတ်လျှောက်လာမိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## - ၁၅ -

စာမေးပွဲများ နီးလာပြီဖြစ်သဖြင့် ရန်ကုန်တက္ကသိုလ်ထဲမှာ ကျောင်းသားအနည်းငယ်သာ ရှိသည်။ အတန်းသိပ်မတက်တော့ဘဲ ကိုယ့်ဘာသာကိုယ် အသီးသီး စာကျက်သူ ကျက်၊ စာကူးသူ ကူး၊ အခုမှ ဘာကျက်ရလျှင် ကောင်းမလဲ မေးသူမေးနှင့် ရှိနေကြသည်။

ကျွန်တော့်အမို့တော့ စာတော်တော်များများက မနှစ်ကတည်းက ရထားပြီးတာတွေလည်း ရှိသဖြင့် အားနည်းသောဘာသာကို ဇိကျက်ထားသဖြင့် ယခုနှစ်အတွက် စိတ်မပူရတော့။ ဂုဏ်ထူးသာ ပေးလျှင် ရမည်။ မပေးလျှင် မရသာ နေမည်။ ကျတော့ မကျတာ ထိုန်းသေသည်။

သည်နေ့လည်း သထုံဆောင်က သူငယ်ချင်း ဝင်းဇော်နှင့် အတူ PAPER (1) မေးခွန်းဟောင်းများကို အလွတ်ပြန်ဖြေလေ့လာပြီး 'ဟိုင်း' လက်ဖက်ရည်မှာ လက်ဖက်ရည်တစ်ခွက်လောက် သောက်ပြီးမှ အဆောင်ကိုပြန်မည်ဆိုပြီး ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ရှေ့ကနေ ဖြတ်လျှောက်လာမိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုရဲကျော်… ပျောက်နေပါလား၊ စာတွေ တော်တော်ရနေ ပြီလား'

ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ရှေ့သို့ ရောက်သောအခါ တက္ကသိုလ် စာကြည့်တိုက်အသစ်ကနေ ထွက်လာသော ဆရာမလေး ထားခင်ခင်ကို တွေ့ရပါသည်။ လက်ထဲမှာလည်း စာကြည့်တိုက်က ငှားလာသော စာအုပ်နှစ်အုပ် ကိုင်ထားလို့။

'ဒီနှစ်တော့ သေချာပါတယ်၊ ဒါနဲ့ ဆရာမရော စာအုပ်လာ ငှားတာလား'

'ဟုတ်တယ်၊ တော့ဖ်လာရဲ့ တတိယလှိုင်းစာအုပ်နဲ့ ဖူးဇူ ယားမားစာအုပ်တစ်အုပ် လာငှားတာ၊ စာတမ်း ရေးစရာရှိလို့'

ဆရာမလေး ထားခင်ခင်နှင့် စကားပြောနေရင်း ကျွန်တော့် စိတ်ထဲမှာ ချက်ချင်းဆိုသလို ချီတုံချတုံကိစ္စက ဖြစ်လာပါသည်။ ယခုလို ရရှိသော အခွင့်အရေးကိုယူပြီး ကျွန်တော့်ကိစ္စကို အကောင် အထည်ဖော်ရလျှင် ကောင်းမလားဆိုသောကိစ္စပင် ဖြစ်ပါသည်။ နောက်ဆုံးတော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး ဆုံးဖြတ်လိုက်ပါသည်။

'ဆရာမ… အချိန်ရမလား မသိဘူး၊ ကျွန်တော် ဟိုင်း လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်မလို့'

'အောင်မယ်လေး… ဟိုင်းက ဝေးပါတယ်၊ မြကျွန်းသာမှာ ပဲ ထိုင်မယ်၊ လူရှင်းတာပဲဟာ'

ထို့နောက်တော့ ဆရာမလေး ထားခင်ခင် သူ့အခန်းမှာ ထား ငှားသည့် စာအုပ်နှစ်အုပ်ကို သွားထားသည်။ ကျွန်တော်က မြကျွန်း

www.burmeseclassic.com

www.burmeseclassic.com



သာ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်မှာရင်းက ကျွန်တော် သိချင်သော၊ ပြောချင်သောကိစ္စတွေကို ဖွင့်ပြောတော့မည်လို့။

လောကကြီးမှာ ကိုယ်ပြောချင်သော အကြောင်းအရာကို မျှိုသိပ်ထားရသည့်ဒုက္ခလောက် ဆိုးသည့်ဒုက္ခ ရှိမှမရှိတာ။

၁၆

'ဆရာမ… ဆရာမကို ကျွန်တော် မေးစရာရှိတယ်'

နှစ်ယောက်သား လက်ဖက်ရည်သောက်လို့ တစ်ဝက်လောက်ရဲ့ ကုန်ခါနီးမှာ ကျွန်တော်က ဆရာမထားခင်ခင်အား မေးမိပါသည်။ ထိုအချိန်မှာပဲ သီရိဆောင်ဘက်ကနေ ချိုးကူသံသဲ့သဲ့ကို ကြားလိုက်ရပါ၏။

'ဘာမေးမလို့လဲ၊ မေးလေ'

'ကျွန်တော် မေးရင် ဆရာမ စိတ်ဆိုးမလားလို့'

'စိတ်ဆိုးတယ်ဆိုတာ တော်တော်လေး နှင့်နှင့်သီးသီး စိတ်ထားမှုမျိုး ဖြစ်မှလေ၊ ကိုရဲကျော် မေးမှာက အဲဒီလောက် ခံစားမှုပြင်းထန်မှာမို့လို့လား'

ဆရာမ ထားခင်ခင်က လက်ဖက်ရည်တစ်ငုံ သောက်ပြီး ခွက်ကို ပြန်ချထားလိုက်ပြီး လှသွားစကြံ ကော်ရစ်ဒါဘက်သို့ ငေးချက်ကြည့်လိုက်ပါသည်။

'ဆရာမ အချစ်ကို ဘယ်လိုမြင်လဲ'

'ရှင်…'

www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်သောမေးခွန်းကို မေးလိုက်သဖြင့် ဆရာမ ထား ခင်ခင် အံ့အားသင့်သွားပါသည်။

'မအံ့ဩပါနဲ့ ဆရာမရယ်၊ ဆရာမ အချစ်ကို ဘယ်လိုမြင် သလဲလို့၊ တစ်ခါက မြတ်ကြီးရဲ့အချစ်ကိစ္စတုန်းက ဆရာမ ပြောဖူး တာရှိတယ်လေ၊ လူဆိုတာ ဘဝမှာ တစ်ခါတော့ ချစ်ခဲ့ဖူးတာချည်းပဲ ဆိုတာလေ၊ ဆရာမရဲ့ဘဝမှာရော လူတစ်ယောက်ကို တစ်ခါလောက် ချစ်ခဲ့ဖူးလား'

'ကိုရဲကျော်ပြောတာ ဘာနဲ့တူနေသလဲဆိုတော့ ဇင်ပုံပြင်တစ် ပုဒ်လိုဖြစ်နေတယ်၊ တစ်ခါက ပါမောက္ခကြီးတစ်ယောက်က ထင်ရှား ကျော်ကြားတဲ့ ဇင်ဘုန်းတော်ကြီးတစ်ပါးဆီကို အလည်သွားတယ်၊ ဇင်ဘုန်းတော်ကြီးက လက်ဖက်ရည်သောက်နေတုန်း ပါမောက္ခကြီးက ဘုန်းတော်ကြီးကို ဇင်ဝါဒနဲ့ပတ်သက်လို့ စကားစမြည်ပြောတာပေါ့၊ ဒီအချိန်မှာ ဘုန်းတော်ကြီးက လက်ဖက်ရည်တစ်ခွက်ကို ပါမောက္ခ ကိုပေးပြီး ပါမောက္ခရဲ့ လက်ဖက်ရည်ခွက်အပြည့်များရောက်တဲ့အထိ လက်ဖက်ရည်တွေ လောင်းချတယ်၊ တဖြည်းဖြည်းနဲ့ လက်ဖက်ရည် တွေက ခွက်ပြည့်တဲ့အထိ ဖြစ်သွားတယ်၊ ဒါကို စောင့်ကြည့်နေတဲ့ ပါမောက္ခက လက်ဖက်ရည်တွေ ပြည့်နေပြီ၊ ထပ်မထည့်နဲ့တော့လို့ နှုတ်က မထင်မှတ်ဘဲ ထွက်သွားတယ်၊ ဒီအခါ ဘုန်းတော်ကြီးက…

ပါမောက္ခကြီး သင်ဟာ သင့်လက်ထဲမှာရှိနေတဲ့ ခွက်လိုပဲ ပထမဦးဆုံး သင်ကိုင်ထားတဲ့ခွက်မှာ ဘာမှမရှိစေ့ သင် အသုံးချ

www.burmeseclassic.com



ဆို့ မရှာသလို ဇင်ဝါဒအကြောင်းကိုလည်း ငါက သင်နားလည်အောင် ဘယ်လိုပြလို့ရမှာလဲလို့ ပြန်ပြောတယ်၊ ဒီလိုပဲပေါ့ ရဲကျော်ရယ်၊ ကျွန်မလည်း တစ်ခါဖူးမှ မချစ်ဖူးတော့ အချစ်အကြောင်း ဘယ်ပြော ဆို့ရမှာလဲ'

ဒဿနိကဗေဒဆရာမ ပီသပါသော ဆရာမထားခင်ခင်၏ စကားကို ကျွန်တော် နားထောင်ပြီး ကျေနပ်သွားပါသည်။ ရိုးရိုးလေး နှင့် ပြောလို့ရတာကို ဒဿနိကဗေဒ ဆရာမအနေနှင့် တော်တော် ထားပြောတတ်ပါလားလို့။

'နေပါဦး… ကိုရဲကျော်ရဲ့၊ ဒီနေ့မှ ထူးထူးခြားခြား အချစ် အကြောင်း မေးတော့ ကိုရဲကျော်ကရော အချစ်ကို ဘယ်လိုယူဆ သို့လဲ'

ဆရာမလေး ထားခင်ခင်က ပါးချိုင့်နှစ်ခွက်ပေါ်အောင် ပြုံး ပြီး လက်ဖက်ရည်ကို တစ်ငုံသောက်လိုက်သည်။ ကျွန်တော်က စားပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီးမှ…

'အချစ်ဆိုတာ အိပ်မက်လည်း မဟုတ်ဘူး၊ အလွမ်းလည်း မဟုတ်ဘူး၊ အချစ်ဆိုတာ အချစ်လို့ပဲ ကျွန်တော် ယူဆတယ်'

ဆရာမလေး ထားခင်ခင်က ဘာမှမပြောပါ။ အတန်ငယ် ငြိမ်သက်တိတ်ဆိတ်သွားပါသည်။ ကြားနေရတာက ချိုးကူသံပဲ ဖြစ်ပါသည်။

အတန်ကြာမှ…

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ ကိုရဲကျော်က ကျွန်မကိုချည်း မေးနေတယ်၊ ကိုရဲကျော် ရော ဘဝမှာ ချစ်ခဲ့ဖူးသူ ရှိလို့လား'

'ကိုယ်က တက္ကသိုလ်လူပျော်ဘဝမှာ လွန်ခဲ့တာတွေကတော့ အများကြီးပဲ၊ ရည်းစားမဖြစ်ရဘဲ လွဲတာ'

ဆရာမထားခင်ခင်က ကျွန်တော့်ကို ကြည့်ပါသည်။ ကျွန်တော်ကလည်း ကြည့်မိပါသည်။ ရုပ်ရှင်တွေထဲကလိုမျိုးဆိုလျှင် တော့ သည်မြင်ကွင်းက တော်တော်လေး Romance ဆန်ပါလိမ့်မည်။

'ကျွန်မဘဝမှာ တစ်ခါဖူးမှ ဘယ်သူ့ကိုမှ မချစ်ခဲ့သေးဘူး။ ကျွန်မ ပထမဦးဆုံးချစ်မယ့် ချစ်သူဟာ ကျွန်မဘဝရဲ့ လက်တွဲဖော်ပဲ ဖြစ်ရမယ်'

ကျွန်တော် ငြိမ်ငြိမ်လေး နားထောင်နေရင်းက ဆရာမလေး ထားခင်ခင်၏မျက်နှာကို ထပ်မံကြည့်မိပါသည်။

'ဆရာမ··· ကျွန်တော် ဆရာမကို ချစ်တယ်၊ ဘဝမှာ ကျွန်တော် မြတ်မြတ်နိုးနိုး ချစ်မိတာပါ၊ အဲဒီ ချစ်ခဲ့ရ မြတ်နိုးခဲ့ရတဲ့ ဆရာမကို ကျွန်တော့်ဘဝခရီးဖော်အဖြစ် အနာဂတ်မှာ လက်တွဲချင် ပါတယ်၊ ဆရာမ စဉ်းစားပါ၊ တွေ့ကြုံခင်မင်ခဲ့ရတာကို အခွင့်ကောင်း ယူတာ မဟုတ်ပါဘူး၊ အဲဒီ တွေ့ကြုံသိမြင်ခွင့်ရလို့ ဆရာမကို မြတ်နိုး မိတာ အပြစ်ဆိုရင်တော့ အဲဒီ အပြစ်ကို ကျေနပ်စွာ ကျွန်တော် လက်ခံပါ့မယ်'

လေသည် ယခုမှ မတိုက်ဘဲ ငြိမ်သက်နေပါသည်။ မငြိမ်သ

www.burmeseclassic.com

www.burmeseclassic.com



တာကတော့ ကျွန်တော့်နှလုံးခုန်သံပဲ ဖြစ်ပါသည်။ ဆရာမလေး ထားခင်ခင်ကတော့ မည်သို့နေမည် မသိ။

'အချစ်ဆိုတာ ဘယ်လိုသော အကြောင်းအရာတွေက စေ့ဆော်ပေးသလဲတော့ မသိဘူး၊ ရှင်နဲ့ကျွန်မခင်ဖို့ ဟောဒီလိုဖြစ်လာဖို့ ရုပ်ရှင်တွေထဲကလို ခလုတ်တိုက်မိရင်း ဆုံခဲ့ရတယ်ပြောလို့ ရတယ် နော်၊ အချစ်ဆိုတာ ခလုတ်တိုက်မိတာက စတာလို့'

ဆရာမလေး ထားခင်ခင်က ရယ်နေပါသည်။ ကျွန်တော်က တော့ ဆရာမလေး ထားခင်ခင် စကားကို နားထောင်နေရင်းမှ ဆရာမ လေး ထားခင်ခင်နှင့် ဆုံစည်းမိခဲ့သော နေ့ရက်တွေကို ပြန်မြင်ယောင် နေမိပါသည်။

'ပြန်တော့လေ… စာပြန်ကျက်ဦး'

မနှင်ချင့် နှင်ချင်သလို လေသံမျိုးနှင့် ဆရာမလေးက ပြော ပါသည်။ ကျွန်တော်က လက်ဖက်ရည်ဖိုး ရှင်းပေးလိုက်ပြီး…

'ဒီညကစပြီး *ငွေသော်တာရောင်ခြည် ××× ထိန်လင်းတော့ သည် ××× ဘုံကြီးပြတ်တဲ့ မိုးနတ်မင်း ×××* ဆိုတဲ့ ဆရာမသီချင်း ကို ညတိုင်းဆိုတော့မယ်'

'ပါးစပ်မညောင်းဘူးဆိုရင် ဆိုပေါ့'

တော်တော်လှသည့် မျက်စောင်း။ ထိုမျက်စောင်းကို ကျွန်တော့် အင်္ကျီအိတ်ကပ်ထဲမှာ ပလတ်စတစ်လောင်းပြီး ထာဝရသိမ်းထားချင် ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သေချာတာက ဆရာမလေးထားခင်ခင်တစ်ယောက် ကျွန်တော့်လိုပဲ သည်ညတော့ ဟိုစဉ်းစား သည်စဉ်းစားဖြစ်လို့။

အချစ်ဆိုတာ တစ်ခါတလေတော့လည်း ဦးနှောက်နှင့် နှလုံးသားကို နည်းနည်းလေးတော့ အလုပ်ပေးရပါလားကွယ်။

❧ ❧ ❧

www.burmeseclassic.com

www.burmeseclassic.com

ကြယ်တွေကိုလည်း မပြောပြတော့ဘူး
လမင်းကိုလည်း မပြောချင်ဘူး
ကိုယ်နဲ့ မင်းနဲ့ ရင်ဆိုင်ရမယ့်
ဥတုသုံးပါးကိုလည်း
အသိပေးခရာ မလိုပါဘူး။
အချစ်ဆိုတာ
ကိုယ့်နှလုံးသားနဲ့
မင်းရဲ့နှလုံးသား
နားလည်မှုကို အပြန်အလှန်
ပေါင်းနှံလိုက်တာပဲ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



## - ၁၆ -

ကျွန်တော် ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်စာအဓိကနှင့် ဘွဲ့ရသည့်အခါ ကျွန်တော်မြတ်နိုးသော ဆရာမလေးထားခင်ခင်ကာမန္တလေးတက္ကသိုလ်သို့ ပြောင်းရွှေ့သွားပါသည်။ ကျွန်တော်လည်း ကျူရှင်စာသင်ဆရာဘဝအပြင် စာရေးသားခြင်းဖြင့် ရပ်တည်လို့နေခဲ့ပါသည်။ မြတ်ကြီးကတော့ ရန်ကုန်တက္ကသိုလ်မှာ မဟာဝိဇ္ဇာသင်တန်း ဆက်တက်ရင်း နည်းပြအဖြစ် တာဝန်ထမ်းဆောင်ပါသည်။

ဆရာမလေးထားခင်ခင်နှင့် ကျွန်တော်တို့နှစ်ယောက် အဆက်အသွယ် မပြတ်ခဲ့ပါ။ စာတွေ မရေးပေမယ့် တနင်္ဂနွေလိုနေ့မျိုးမှာ တယ်လီဖုန်း ပြောဖြစ်ပါသည်။ ပြောကြသည့် အကြောင်းအရာတွေထဲမှာ အချစ်အကြောင်းကလွဲပြီး စုံမှ တော်တော့်ကို စုံပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် အချိန်တို့သည် မည်ကဲ့သို့ ကုန်ဆုံးသွားသလဲ မသိပါ။ အချိန်တို့သည် မြန်ဆန်လှပါ၏။

အချစ်၏ဆွဲငင်အားက အချိန်ကိုတောင် မေ့လျော့စေပါလား ဆိုတာ ကျွန်တော် ကောင်းကောင်းကြီး သဘောပေါက်မိသွားပါ သည်။

၁၈

၂၀၀၄ ခုနှစ်တွင် ကျွန်တော့်ဘဝရော ဆရာမထားခင်ခင်၏ ဘဝပါ အပြောင်းအလဲနှင့် ကြုံခဲ့ရပါသည်။

ထိုအပြောင်းအလဲကတော့ ဆရာမ ထားခင်ခင်က ရန်ကုန် တက္ကသိုလ်သို့ ပြောင်းလာသည့်နှစ်မှာပဲ ကျွန်တော်တို့နှစ်ယောက် လက်ထပ်လိုက်ကြပါသည်။

ကျွန်တော်နှင့် ကျွန်တော့်ချစ်ဇနီးထားခင်ခင်တို့၏ တွေ့ဆုံ ခဲ့သော ဇာတ်လမ်းတွဲများ ပျော်ရွှင်ခြင်းဖြင့် အဆုံးသတ်သည်ဟုလည်း ပြောလို့ရပါသည်။

၁၉

အချစ်ဆိုသည်မှာ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလိုမျိုး ပဋိပက္ခ မရှိဘဲ ချစ်သူဖြစ်သွားကြသူတွေသည် ကမ္ဘာ့မြေမှာ ရေတွက်၍မရ နိုင်အောင် များလှပါသည်။ ထိုအထဲမှာ ကျွန်တော်တို့နှစ်ယောက်လည်း ပါဝင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အကြောင်း တစ်ယောက် နားလည်ပြီဆိုပါက ရာထူး၊ ဥစ္စာ၊ အာဏာ၊ ဂုဏ်ပကာသန ဘာမှမလိုပါ။ ထိုအထဲမှာ ကျွန်တော်နှင့် ထားခင်ခင်က စိတ်ချင်းတူမိခဲ့ပါသည်။ ထို့အတွက်ကြောင့် ထားခင်ခင်သည် ကျွန်တော့်ဘဝခရီးဖော် ဖြစ်လာသလို ထားခင်ခင်အဖို့လည်း ကျွန်တော်သည် သူမ လက်တွဲဖော် ဖြစ်လာရပါသည်။

၉၈

ထို့အတွက်ကြောင့် ထားခင်ခင်နှင့် ကျွန်တော့်အား တွေ့ကြုံဆုံစည်းပေးခဲ့သော ရန်ကုန်တက္ကသိုလ်ကြီးကို ကျေးဇူးတင်မဆုံး ဖြစ်မိပါသည်။

၉၉

ပြောခွင့်ရလျှင် ပြောချင်ပါသည်။

ဘဝမှာ ကျွန်တော့်အဖို့ လွဲခဲ့ရတာတွေ များပြီ။ နောက်ဆုံးအကယ်ချစ်ခဲ့ရသော ထားခင်ခင်နှင့်အတူ ဘဝကြင်ဖော်ဖြစ်ခဲ့ကြသည့် ကျွန်တော်နှင့် ထားခင်ခင်တို့လိုမျိုးက ရှိတော့ရှိမည်၊ နည်းနည်းတော့ ရှားမှာ အမှန်ပါပဲ။

လူ့ဘဝမှာ ဇာတ်လမ်းတွဲတွေ ဘယ်လောက်များများ ကျွန်တော်တို့ဇာတ်လမ်းတွဲ ဇာတ်သိမ်းကတော့ လှသမှ သိပ်လှပါပဲ။ ဒီသည့်ဇာတ်လမ်းတွဲအကြောင်းကို သမီးနှစ်ယောက် အရွယ်ရောက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ပြောပြရမည်ဟု ပြောသောအခါ ဓနီးဖြစ်သူကရယ်ပြီး ကျွန်တော့်ကို

ဖိုက်ခေါက်လိမ်ဆွဲပါသည်။

အဲဒီတော့ ဘာဖြစ်လဲ သိလား။

ကျွန်တော်က ယားတတ်သဖြင့် ယောင်ပြီး ထအော်ပါတော့

သည်။

အော်တာမှ တကယ့်အကျယ်ကြီး။

'အား…'

ထိုအခါ လေးနှစ်ခွဲအရွယ် သမီးကြီး မခေတ်ဒဝီကျော်နှင့်

တစ်နှစ်ခွဲအရွယ် သမီးငယ်၏ သွန်းဝဒီကျော်က ကျွန်တော့်ကိုကြည့်

ပြီး ရယ်နေပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# သင်းသင်းရည် ဝတ္ထုအကြောင်း

## (၁)

ကြာတော့ နည်းနည်းလေး ကြာခဲ့ပြီ။ ထိုအချိန်အတောအတွင်းမှာ ကမ္ဘာကြီး ပြားသွားပြီဟု ပြောသူက ပြော၊ စာအုပ်ရေးသူက ရေး။ ဘာသာပြန်သူက ပြန်နှင့် အလုပ်ရှုပ်ခဲ့ကြပြီးပြီ။ အိုစမာဘင်လာဒင်ကိစ္စ စာမျက်နှာအတော်များများပေါ် နေရာယူခဲ့ပြီးပြီ။ မန်ချက်စတာယူနိုက်တက် ဘောလုံးအသင်း ကမ္ဘာကျော်ခဲ့ပြီးပြီ။ တိုက်တန်းနစ်သင်္ဘောကြီးပေါ်က အလွမ်းဇာတ်လမ်းကမ္ဘာမှာ ငိုပွဲဆင်နွှဲခဲ့ပြီးပြီ။ သတင်းနည်းပညာခေတ်ကြီး ပေါ်ထွန်းခဲ့ပြီးပြီ။ ဆက်ဒမ်ဟူစိန် ကမ္ဘာကြီးပေါ်က ပျောက်ကွယ်သွားပြီးပြီ။

ခွင့်လွှတ်ပါ သင်းသင်းရည်။ ကျွန်တော့်ရင်ဘတ်ထဲမှာတော့ အတိတ်က အဖြစ်အပျက်တွေဟာ ယနေ့တိုင် မပြီးသေးလို့ ဖြစ်ပါသည်။

အတိတ်ဆိုတာ ပြန်လည်ခူးဆွတ်စားသုံးလို့ အကောင်းဆုံးသော ချိုမြိန်သည့် သစ်သီးတစ်လုံး မဟုတ်ပါလား သင်းသင်းရည်။

www.burmeseclassic.com

www.burmeseclassic.com



(၂)

အခန်းတံခါးကို ဖွင့်လိုက်သည့်အခါ ကုံကော်ပင်များဆီမှ ကုံကော်ပန်းရနံ့တွေက သထုံဆောင်အပေါ်ဘဝိက ကျွန်တော့်အခန်း တွင်းသို့ ခွင့်ပြုချက်မရဘဲ လေနှင့်အတူ အတင်းတိုးဝင်လာကြသည်။ ကုံကော်ပန်းရနံ့တွေအဖို့ ကျေနပ်စရာကောင်းသောဟာက အခန်းတွင်း သို့ဝင်ဖို့ ထောက်ခံစရာ တောင်းစရာမလိုသောကြောင့် ဖြစ်ပါသည်။ ယခုဘဝမှာ အသက်ရှင်သန်ဖို့က ထောက်ခံစရာ တောင်းတာက များလှ ပါသည်။ သံသရာတောအလယ်မှာ ထောက်ခံစရာတွေ ပေါလှတဲ့ တယ်ကွယ်။

နေ့လယ် ကျောင်းဆင်းပြီးကတည်းက ကိုယ့်အခန်းကိုယ် ပြန်ပြီးအိပ်နေမိသည်။ နာရီကြည့်တော့ ငါးနာရီထိုးခါနီးပြီဖြစ်သည်။ ရေပြန်ချိုးပြီး အင်းလျားကန်ဘက်သို့ ထွက်လာမိသည်။ ကျွန်တော့်မှာ အကျင့်တစ်ခုရှိသည်။ ကျွန်တော်သည် ဦးနှောက်က ငြီးစီစီဖြစ်သော သည့်အခါတိုင်း ရေပြင်ကို အချိန်အကြာကြီး စိုက်ကြည့်နေရလျှင် ဦးနှောက်ကြည်သောကြောင့် ဖြစ်ပါသည်။ ကျွန်တော့်နည်းက ပိုက်ဆံ မကုန်ဘဲ ကျွန်တော့်အဖို့ အကုန်အကျသက်သာသောကြောင့် ဖြစ်ပါ သည်။

အင်းလျားကို တေးဂဗျာစာဆိုတို့က အမျိုးမျိုးဖွဲ့နွဲ့သီကုံး ပါသည်။ ထိုဖွဲ့နွဲ့မှုတွေကို အင်းလျားကန်ကြီးက သိပဲ သိသလား သို့မဟုတ် မသိချင်ယောင်ဆောင်နေသလား မပြောတတ်။ အင်းလျား ကန်ကြီးကတော့ နေ့စဉ် ခပ်တည်တည် စကားမပြောဘဲ ဝင်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်တည်း ကောစာရီကျင့်နေပါသည်။ အင်းလျားကန်ဘောင်ရိုးက ခုံတန်းလျားမှာ ကျွန်တော် ထိုင်ပြီး ရေပြင်ကို စိုက်ကြည့်နေမိခဲ့ပါသည်။

သည်မှာပဲ…

ပိုက်ဆံမပေးရတိုင်း လျှောက်လှမ်းနေသည့် ခြေသံတွေကို ကျွန်တော် ထိုင်နေရင်းမှ ကြားနေရသည်။ ခြေသံတွေနှင့်အတူ စကားသံတွေက အင်းလျားကန်ရေပြင်ထဲသို့ ဒိုင်ဗင်ထိုးနေကြသည်။ ပြီးတော့ ကျွန်တော့်နံဘေးက ခုံတန်းလျားမှာ အမျိုးသမီးသုံးဦး ဝင်ထိုင်ပြီး အလုပ်မရှိ အလုပ်ရှာ ငြိမ်သက်နေသော ကန်ရေပြင်ကို ခဲလုံးတွေနှင့် သူ့ထက်ငါ လုပေါက်နေကြသည်။ တစ်ဆက်တည်းဆိုသလို ပရယ်တီကယ် အစားထိုးဖို့ကိစ္စ၊ ပိုင်းကျူရှင်လခအကြောင်း၊ အင်းလျားဆောင်ရှေ့မှာ အသံပြဲကြီးတွေနှင့် ညဘက် ဂစ်တာလာတီးသည့် ကျောင်းသားတွေအကြောင်း၊ မဟာသိပ္ပံတန်းတက်ဖို့ အန္တရာယ်စိတ်ကူးကို ပုံဖော်ရင်း ညနေခင်း နေဝင်ကာနီးအချိန်မှ စကားတွေက ပြတ်တော့သည်။

ကျွန်တော်လည်း ထိုင်ရာမှထစဉ်မှာပဲ ကျွန်တော့်နံဘေးမှ အမျိုးသမီးသုံးဦးလည်း ထတော်မူပါသည်။ မထင်မှတ်ဘဲ ကျွန်တော့်အကြည့်က ဒုတိယမြောက် အမျိုးသမီးဆီသို့ ရောက်လာပါသည်။ ရင်တော့ မခုန်ပါ။ ထိုအမျိုးသမီးက တော်တော်လေးကြည့်လို့ကောင်းတာက သူငယ်ချင်းတွေမျက်နှာကို ကြည့်ရတာထက်ပိုပြီး ကျက်သရေရှိလို့နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုညက အခဆောင်ပြန်ရောက်တော့ သူငယ်ချင်းများကို ပြော လိုက်သောအခါ ကျွန်တော့်အား မေတ္တာအတုံးလိုက် အတစ်လိုက် ပို့လိုက်ပါသည်။

(၃)

ဓာတ်လမ်းက သည်မှာတင်ဆုံးလျှင် ဤစာကို ရေးဖြစ်မည် မဟုတ်ပါ။ ဓာတ်လမ်းက မဆုံးပါ။ လူ့ဘဝကြီးမှာ လူတစ်ယောက် ခံစားဖို့ ဘဝဓာတ်ဆရာက မည်သို့မည်ပုံ ဖန်တီးပေးလိုက်သလဲ မသိ။ ကျွန်တော့်ခမျာ ယခုအချိန်အထိ လွမ်းကောင်းတုန်းပင် ဖြစ် နေပါသည်။ အလွမ်းဆိုသည်မှာ အလွမ်းပဲ မဟုတ်ပါလား။။

ထိုနေ့က ရန်ကုန်တက္ကသိုလ် အနုပညာအသင်းရှေ့မှာ 'ကေရာစ်တို့၏ ဘဏ္ဍာတိုက်' စာအုပ်အရောင်းဆိုင် ရှိသည်။ ဆိုင် ပိုင်ရှင်က ကျွန်တော့်မိတ်ဆွေဖြစ်သည်။

ထိုနေ့က ကျွန်တော့်မိတ်ဆွေ အပြင်ခဏသွား၍ ကျွန်တော်က ဆိုင်စောင့်ပေးရသည်။

'မြင့်စိုးလှိုင် ဘာသာပြန်တဲ့ ရာဘင်ဒြာနတ်တာဂိုး ကဗျာ စာအုပ် ရှိလား'

မထင်မှတ်ပါဘဲ အင်းလျားကန်ဘောင်ရိုးမှာ တွေ့ခဲ့သော ကျွန်တော် ကြည့်လို့ကောင်းကောင်းနှင့် ကြည့်ခဲ့ပြီး ကျက်သရေရှိသော အလှဟု မှတ်ချက်ပေးခဲ့သော အမျိုးသမီးက စာအုပ်ဝယ်ဖို့ လာနေ ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'မြင့်စိုးလှိုင် ဘာသာပြန်တော့ မရှိဘူး၊ မြသန်းတင့် ဘာသာပြန်တဲ့ဟာတွေတော့ ရှိတယ်'

'ခဏပြပါ'

ကျွန်တော်က ဆိုင်ထဲမှာရှိသော စာအုပ်တွေကို ရွတ်ပြပါသည်။ သူမက ဟိုဟာနည်းနည်း ဒီဟာနည်းနည်း ဖတ်ကြည့်ပါသည်။

'ဘယ်စာအုပ်ကောင်းလဲ ရှင် ဖတ်ပြီးပြီလား၊ သင်းသင်းရည်က မြသန်းတင့်ပြန်တာ မဖတ်ဖူးသေးဘူး'

'ဒါဆို ဂီတဥ္စလီကို ဖတ်ပါလား'

'ဖတ်မယ်လေ'

မထင်မှတ်ဘဲ နာမည်ကိုသိလိုက်ရသဖြင့် ကျွန်တော် အတော်တို တက်ကြွသွားပါသည်။ ကျွန်တော်က ဂီတဥ္စလီစာအုပ်ကို ပေးဆိုက်သောအခါ သူမက ကျသင့်ငွေကို ပေးပြီး ထွက်သွားပါသည်။ ကျွန်တော့်မှာသာ ဘာရယ်မှန်း မသိ။ သူမ ပေးသော ပိုက်ဆံကို ကျွန်တော့်ပိုက်ဆံနှင့်လဲပြီး ဆိုင်ရှင်မိတ်ဆွေအား ရောင်းရငွေကို ပေးဆိုက်ပါသည်။

ကျွန်တော်တို့လို ယောက်ျားသားများ ဆန့်ကျင်ဘက်လိင်နှင့်တော်သက်၍ စရွးသွပ်ဘူးဟု မည်သူ ပြောနိုင်ပါသလဲ။ ကျွန်တော်အလှယ်ယူလာသော ပိုက်ဆံကို ပလတ်စတစ်အိတ်အကြည်ထဲထည့်ကာ်စ်မီးခြစ်ဖြင့် မီးပိတ်ပြီး ကျွန်တော့်အိတ်ကပ်ထဲမှာ ထည့်ထားမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူအချို့က ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်များကို ရိုက်နှိပ်ထားသော ကတ်ပြားသေးသေးလေးများကို ပလတ်စတစ်လောင်းပြီး အင်္ကျီအိတ်ကပ်ထဲထည့်၍ အန္တရာယ်ကင်းအောင် ဆောင်ထားသည်ဟုဆိုလျှင် ကျွန်တော့်အင်္ကျီအိတ်ကပ်ထဲမှာလည်း သင်းသင်းရည်ဆိုသောအမျိုးသမီးကို သတိရတိုင်း သူမလက်နှင့် ထိတွေ့ကိုင်တွယ်ထားသောပိုက်ဆံကို ထုတ်ကြည့်မိတာ အပြစ်ဖြစ်ပါသလား။ အမျိုးသမီးတစ်ယောက်ကို ကြည့်မိတာ အပြစ်ဖြစ်ပါသလား။ အမျိုးသမီးတစ်ယောက်ကို မြတ်နိုးမိသော လူငယ်တစ်ဦးအဖို့ ကျွန်တော့်လုပ်ရပ်က နည်းနည်း ပေါကြောင်ကြောင်နိုင်မည်ဆိုလျှင်လည်း ကျွန်တော်က ထိုသို့ တံဆိပ်ခပ်နှိပ်ပေးခြင်းကို ဂုဏ်ယူစွာဖြင့် လက်ခံပါသည်။

ကဗျာတစ်ပုဒ်ထဲမှာ ချစ်တာကို သိအောင်လုပ်ရမည်ဟု ရေးသားထားသည်ကို ကျွန်တော် ဖတ်မိပြီး သူငယ်ချင်းများအား ပြောပြပါသည်။ သူငယ်ချင်းများက သူတို့ ထမင်းစားပြီး စုံစမ်းပေးပါသည်။ သင်းသင်းရီဆိုသော အမျိုးသမီးက ပြည်မြို့သူဖြစ်ပြီး အင်းလျားဆောင်တွင်နေကာ ရူပဗေဒတတိယနှစ် ဂုဏ်ထူးတန်းကျောင်းသူဆိုတာ ကျွန်တော် သိလာရပါသည်။ အဓိကအချက်အနေနှင့် သူမမှာ ချစ်သူများရှိမလား မရှိသလား ဆိုတာကိုတော့ ကိုယ့်ထမင်းကိုယ်စား စပ်စုသူများအဖွဲ့က စုံစမ်းဆဲဖြစ်ကြောင်း နောက်ဆက်တွဲသတင်းထုတ်ပြန်ချက် ကြေညာပါသည်။

တစ်ဆက်တည်းဆိုသလို ဝိုင်းပြီး အကြံပေးကြပါသည်။ ကိုယ်က သူချစ်တာဆိုတော့ သူမ စိတ်ဝင်စားဖို့ သိအောင်လုပ်ဖို့ အရေးကြီးကြောင်း ဝိုင်းဝန်းအကြံပေးကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ကျွန်တော့်ခမျာ သူမနှင့် သူငယ်ချင်းများ ကင်တင်းထိုင်သည့်အခါ သူမနှင့် မလှမ်းမကမ်းမှာ မသိလိုက်မသိဘာသာ ဝင်ထိုင်လိုက်ပြီး စားစရာတစ်ခုခု မှာရ။ စာကြည့်တိုက်သို့ သူမ သွားသည့်အခါ ကျွန်တော်လည်း သူမ စာအုပ်ကတ်တလောက် ရွေးသည့်နေရာနှင့် မနီးမဝေးမှာရပ်ရင်း ဟိုရှာသလိုလုပ်ရ။ သူမ လှည်းတန်းဈေးသို့ သွားသည့်အခါ သူမနောက်ကနေ သူမ မသိအောင် လျှို့ဝှက်စုံထောက်တစ်ဦးလို လိုက်ရနှင့် သူမအဖို့ ဘာမှမသိရေးချ မသိ။ ဒါကိုပင် ကျွန်တော်က အကျော့နပ်ကြီး ကျော့နပ်နေရင်း စာသင်နှစ်တွေ ကုန်ဆုံးကာနီး အချိန်ကာလသို့ ရောက်လာခဲ့ပါသည်။

(၅)

မကြာခင် စာမေးပွဲတွေ စစ်တော့မည်။ ရန်ကုန်တက္ကသိုလ်ကြီး ခေတ္တခဏ သူ၏မိတ်ဆွေတွေကို ခွဲရဦးမည်။ သစ်ပုတ်ပင်ကြီးနည်းနည်းနားငြီးခြင်းကင်းစွာဖြင့် နှစ်လ၊ သုံးလလောက် နေရမှာမို့ ခမ်းသာနေချိန်ဖြစ်သည်။ ကျွန်တော်ကတော့ ဘာမှမဟုတ်သော ကျွန်တော်၏ အချစ်ကိစ္စအတွက် အတော့်ကို စိတ်မကောင်းဖြစ်နေပါသည်။ လျှောက်ပြန်သံပေး၊ ခြေအေးဝမ်းရောင်ဘာဝမှာသာ ရှိပါသေးသည်။ ကျွန်တော်က သင်းသင်းရည်ကို စိတ်ဝင်စားနေကြောင်းကို ကျွန်တော်နှင့် တစ်ခါသာဆုံဖူးသော သင်းသင်းရည်က မသိသေးရှာသေး။

ထိုနေ့က ရန်ကုန်တက္ကသိုလ်ထဲမှာ စိန်ပန်းပွင့်နီနီရဲရဲတွေ

www.burmeseclassic.com

www.burmeseclassic.com



အကြွေများနေသည်။ ကျွန်တော်က ရွှေဘိုဆောင်မှာရှိသော ဥပဒေ ဘာသာရပ် အထူးပြုယူထားသော သူငယ်ချင်းဆီသွားပြီး ဂျပ်ဆင်ဘက်ကနေ ကင်တင်းဘက်သွားဖို့ လှမ်းလာခဲ့သည်။ စနေနေ့ နေ့လယ်ခင်းဖြစ်ပြီး ကျောင်းပိတ်ထားသဖြင့် လူရှင်းလို့နေသည်။

ကျွန်တော့်အကြည့်က သီရိဆောင်ဘက်ဆီသို့ ရောက်သွားသည်။ ရေတမာပင်အောက်မှာ ကျောင်းသူ တစ်ယောက်၊ နှစ်ယောက် ထိုင်နေတာ လှမ်းမြင်နေရသည်။ ကျွန်တော့်အကြည့်က မထင်မှတ်ပဲ တံခါးပိတ်ထားသော ဂျပ်ဆင်အဝင်ဝထိပ်က လှေကားထစ်တွေဆီ ရောက်သွားသည်။ ထိုနေရာမှာက အကာအကွယ်လေးလို ဖြစ်နေပြီး အတွဲတွေ ထိုင်တတ်တာ၊ ဖြတ်သွားဖြတ်လာများအဖို့ မမြင်ချင်စရာ အဆုံးပင် ဖြစ်သည်။

အတွဲစုံတွဲသုံးတွဲက ခပ်ခွာခွာထိုင်ရင်း ကျောချင်းကပ် ရင်ချင်းကပ်ရင်း ကြည်နူးနေကြသည်။ ထိုအထဲမှာ အလယ်က အတွဲ က အကဲဆုံးဖြစ်သည်။ ကျွန်တော်လည်း ထိုအတွဲတွေရှေ့ မလှမ်း မကမ်းမှ ဖြတ်သွားရင်း ကဲနေသော အလယ်ကအတွဲကို ကြည့်မိသွား သည်။

ကျွန်တော့်မျက်စိတွေ ပြာဝေသွားသည်။ လှမ်းထားသည့် ခြေလှမ်းတွေ တုံ့ဆိုင်းပြီး လူတစ်ကိုယ်လုံး ဗုန်းဗုန်းလဲချချင်စိတ် ဖြစ်သွားသည်။

နားတွေ ပူလာသည်။ ရင်တွေ ခုန်လာသည်။ မျက်နှာ စပ်ဖျဉ်းဖျဉ်းမျိုး ခံစားရခြင်းနှင့်အတူ ရှက်ရွံ့ခြင်း၊ သူကျုံးမရဖြစ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းခြင်း စသည့် ခံစားမှုပေါင်းစုံကို တစ်ခါတည်း ခံစားလိုက်ရသလိုမျိုး ဖြစ်သွားပါသည်။ နှလုံးရောဂါရှိသူသာဆိုလျှင် ထိုနေရာတွင် တစ်ခါတည်း ဆယ်ခါလောက် ကွယ်လွန်လို့ရသည်။

အဖြစ်အပျက်ကို ပြောရမည်ဆိုလျှင် ကျွန်တော် မြတ်နိုးပြီး တိတ်တခိုးချစ်ရသော သင်းသင်းရည်ဆိုသည့် အမျိုးသမီးက ကိုကိုနှင့် နှစ်ယောက်တည်း ဘေးနားက အတွဲနှစ်တွဲကို အားမနာဘဲ ဧဒင်ဥယျာဉ်တော်အတွင်း ရောက်နေသည့်အလား ရင်ချင်းဆက်ဖက်ထားသလိုပဲ ဖြစ်နေပါသည်။

ကျွန်တော့်အင်္ကျီအိတ်ကပ်ထဲမှာ အမြဲတမ်းဆောင်ထားသည့် ပလတ်စတစ်မီးပိတ်ပြီး ထည့်ထားသော ပိုက်ဆံကို ထုတ်ယူလိုက်ပြီး အင်းလျားကန်ဘောင်ရိုးမှာ ကျွန်တော် ဘူးသီးကြော် အဝဝယ်စားလိုက်ပါသည်။

ဘဝမှာ ကျွန်တော် မြင့်မြင့်မားမား မျှော်မှန်းထားသော ကျွန်တော့်မေတ္တာတွေကို ကျွန်တော် တော်တော်သနားသွားမိသည်။ စားဖူးသမျှ ဘူးသီးကြော်တွေထဲမှာ ထိုနေ့က ဘူးသီးကြော်လောက် အရသာရှိတာ မရှိသေးပါ။

အချစ်ဆိုသည်မှာ တစ်ခါတလေတော့ သည်လို ရှိမန့်စ်လေးတော့ ရှိရမှာပေါ့။

ပဥ္စမံဒီဂိုင်း

www.burmeseclassic.com

www.burmeseclassic.com



# အလွဲတွေကို ရယ်စရာအဖြစ် အရည်ဖျော်လိုက်ပြီ

(၁)

ထိုအကြောင်းများကို တွေးမိလေတိုင်း ဝင်းသူအဖို့ မရယ်မောဘဲ မနေနိုင်ပါ။

(၂)

ပြည်လမ်း ခြောက်မိုင်ခွဲက အဆောင်မှာနေရင်း ရန်ကုန်တက္ကသိုလ်မှာ ပညာသင်ကြားနေတာ ဝင်းသူအဖို့ လေးနှစ်မြောက်ပြီဖြစ်သည်။ ယခုနှစ် စာမေးပွဲအောင်လျှင် ဘွဲ့ရပြီး နယ်မြို့က မိဘအိမ်နံရံမှာ ခန့်ခန့်ကြီးပြုံးနေသည့် ဓာတ်ပုံကို ချိတ်ရပေတော့မည်။

သို့သော် စိတ်ပျက်အားငယ်စရာကောင်းနေတာက ဝင်းသူသာမက အဆောင်မှာနေသော သူငယ်ချင်းခြောက်ယောက်စလုံး ရည်းစားတစ်ယောက်မှ မရှိခြင်းပင်ဖြစ်သည်။ ရည်းစားမရှိပုံကလည်း ထူးခြားလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သန်းမြင့်က နတ္တလင်းမြို့မှ ဖြစ်သည်။ အရှေ့တိုင်းဘာသာရပ်ကို ယူထားသူဖြစ်သည်။ ပထမနှစ် ကျောင်းစတက်ကတည်းက အတန်းထဲမှ ပြည်သူ မသီတာကို သဘောကျခဲ့သည်။ ဟိုကလည်း သန်းမြင့် စိတ်ဝင်စားမှုန်းကို သိသည်။ သို့သော် မိန်းကလေးပီပီ ဣန္ဒြေတစ်ခွဲသားနှင့် တုံ့ပြန်မှုက သိပ်မရှိပါ။ သည်လိုနှင့် သန်းမြင့်၏ အချစ်စိတ်တွေက စတုတ္ထနှစ်ကျောင်းဖွင့်ပြီး နှစ်လအလိုမှာ ပေါက်ကွဲတော့သည်။ မသီတာ၏ အင်းလျားဆောင် ညစာစားပွဲမှာ သန်းမြင့်က ရည်းစားစကားပြောသည်။ ဖြစ်ချင်တော့ အင်းလျားအဆောင်မှူး မမနှင့် တစ်ဝိုင်းတည်းထိုင်နေသော မသီတာကို အဆောင်မှူးကို ဘေးနားထားပြီး ရည်းစားစကား ပြောမိသဖြင့် အပျိုကြီး အဆောင်မှူး မမက ဒေါသဖြစ်ရှာသာမက မသီတာကပါ ရှက်ပြီး ပေါက်ကွဲကာ နောက်နေ့မှစ၍ စာသင်ခန်းတစ်ခန်းတည်းမှာ အတူတူပညာသင်ကြားနေပေမယ့် လုံးဝလှည့်ကြည့်ခြင်းပင် မရှိ။ သန်းမြင့်အဖို့ သူ့အဖြစ်ကို ယူကျုံးမရဖြစ်ပြီး ဝမ်းနည်းလို့ သူငယ်ချင်းတွေက ချော့ရပါသေးသည်။

သချာအဓိကယူသော မင်းလွင်ကျတော့ နည်းနည်းဆန်းပ[illegible] သည်။ သူက ကြွေးကြော်ပါသည်။ ဘယ်တော့မှ ကိုယ်နှင့် ဘာသာရ[illegible] ကို ရည်းစားမထား လက်မထပ်ဘူးဟု ပြောပါသည်။ သူကြိုက်[illegible] တာက ကင်တင်းအသုပ်ဆိုင်က ဆယ်တန်းနှင့် ကျောင်းထွက်[illegible] သော မလေးခင်ကို ဖြစ်သည်။ မလေးခင်က မြန်မာဆန်ဆန် ညိုချော[illegible] လေး ဖြစ်သည်။ မလေးခင်ကို ပိုးနေလွန်းသဖြင့် သူ့မှာ အသုပ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



နေ့တိုင်းစားရ၍ ဝမ်းလျှောတာကလည်း ခဏခဏပင်။ တစ်နေ့ ဝါဆို လပြည့်နေ့မှာ တက္ကသိုလ်ဓမ္မာရုံမှာ ဝါဆိုသင်္ကန်းကပ်သဖြင့် မလေးခင် က သွားပြီး ပိုင်းကူလုပ်ပေးပါသည်။ မင်းလွင်က အချိန့်အခါ အကွက် ကောင်းစောင့်ပြီး မလေးခင်ကို ချစ်ခွင့်ပန်ပါသည်။ မလေးခင်က သနပ်ခါး ပါးကွက်ကျားလိမ်းထားသော ပါးပြင်မှ အပြုံးတွေနှင့် သူမမှာ လက်ထပ်ဖို့ ချစ်သူရှိပါသည်။ ထိုချစ်သူက တက္ကသိုလ်ထဲက မိလ္လာသန့်ရှင်းရေးဌာနမှ ဝန်ထမ်း ဆတ်မိ ဖြစ်ပါသည်ဟု ပြောသော အခါ မင်းလွင်သည် ထိုနေ့မှစ၍ အသုပ်ဆို ဘာအသုပ်မှ မစားတော့ ပါ။

ကျော်လွင်လည်း ဘာမှုမထူးပါ။ ပိုက်ဆံမရှိသည့်အခါတိုင်း သူ့ကိုယ်ပိုင် ဆွဲကြိုး၊ နာရီနှင့် အဝတ်စားကောင်းလေးတွေကို ခြောက် မိုင်ခွဲထဲက တရားမဝင် အပေါင်ဆိုင်အိမ်မှာ ခဏခဏသွားပေါင်ရပါ သည်။ အပေါင်ဆိုင်ပိုင်ရှင် တရုတ်ကြီး၏သမီး ရွှန်းနီက ပါးလေး နှစ်ဖက် နီနီရဲရဲနှင့် အတော့်ကို ချစ်ဖို့ကောင်းပါသည်။ ထိုရွှန်းနီဆို သောကောင်မလေးကို ကျော်လွင်က အသည်းစွဲနေပါသည်။ တစ်ရက် မှာ အပေါင်ပစ္စည်းရွေးမလိုလိုနှင့် ချွန်းနီ ရှိနေသောအချိန်မှာ အပေါင် စာရွက်ထဲ ရည်းစားစာရေးပြီး သွားအပေး အပေါင်ဆိုင်ပိုင်ရှင် တရုတ် ကြီးက အိမ်ထဲကထွက်လာပြီး အပေါင်စာရွက်ထဲက အတိုးစာရွက် မကျော်လား၊ မကျော်လား ဆွဲယူကြည့်ပြီး ရည်းစားစာကို တွေ့သောအခါ ကျော်လွင်ကို တရုတ်လို မေတ္တာအတုံးလိုက် အတစ်လိုက်ပို့ပြီး ရက် သတ္တတစ်ပတ်တာအတွင်း သူ့သမီး ရွှန်းနီကို လူမျိုးတူတစ်ဦးနှင့်

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်ပေးလိုက်ပါသည်။ ကျော်လွှင်ခမျာလည်း ထိုနေ့မှစ၍ သူ သိပ်ကြိုက်သော ဝက်သားပေါက်စီကို စားတာ မတွေ့ရတော့။

မောင်ဝင်းကျတော့ ချစ်ကုံခေတော့ တစ်မျိုးဆန်းသည်။ သူက စာဖတ်အလွန်ဝါသနာပါသည်။ ခြောက်မိုင်ခွဲက သူငှားနေသောစာအုပ်ဆိုင် ရှိသည်။ ထိုဆိုင်က ပိုင်ရှင်အမျိုးသမီးက ဘွဲ့ရပြီး သူ့ထက် အသက် နှစ်နှစ်လောက်ကြီးသည်။ မောင်ဝင်းအဖို့ အခေါ်မှာ 'မမ' ဆိုသော စကားလုံးကို နှုတ်ဖျားက မချ။ နေ့စဉ် 'မမ'အလှဘွဲ့တွေ ပြောမဆုံး။ 'မမ'ကလည်း သူ့ကို ရေလာမြောင်းပေးလုပ်သည်ဟု မကြာခဏ ပြောသည်။ တစ်နေ့ စာအုပ်ငှားထားတာ သွားအပ်ဖို့ ညက နည်းနည်းမှောင်ပြီး မီးကပျက်လို့ ဖယောင်းတိုင်ထွန်းထားသည်၊ စာအုပ်အငှားဆိုင်ထဲမှာ လူရှင်းလို့လား မသိ။ 'မမ'က ရပ်ကွက်ထဲက လက်ဖက်ရည်ဆိုင် စားပွဲထိုး ခပ်ချောချောကောင်လေးနှင့် အာဝါးနေ တာ မြင်လိုက်ရပြီးကတည်းက စာအုပ်တွေလည်း မဖတ်တော့။ ထို စာအုပ်အငှားဆိုင်ရှေ့က ယောင်လို့တောင်မှ မဖြတ်တော့။

အရှည်ကြီး မြတ်ကိုကျတော့ နည်းနည်းပင်ပန်းပါသည်၊ သူက မြန်မာစာအထူးပြု ယူထားသူဖြစ်သည်။ အတန်းထဲက ကောင်မ လေးတွေ နိုင်းသမျှ အကုန်လုပ်ပေးသည်။ သူ့ဒသနကလည်း ရှင်းပါ သည်။ ကောင်မလေး နိုင်းသမျှ သူ လုပ်ပေးတာ သူ့ကို သနား ကောင်မလေးတစ်ယောက်ယောက်ကတော့ သူ့ကို ပြန်ကြိုက်နိုင်သည် ဆိုပြီး အားတက်သရော လုပ်ပေးတာ။ နောက်ဆုံး ကောင်မလေးတွေ က သူတို့ ရည်းစားတွေ၏ ကိစ္စတွေပါ အကျိုးဆောင်နိုင်းသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သူ့ခမျာ သူ၏ ကြီးမားသောရည်ရွယ်ချက်ကြီးကို စွန့်လွှတ်ပြီး စာတွေပဲ ဖိကျက်နေပါတော့သည်။

သည်ခြောက်ယောက်ထဲမှာ သနားဖို့အကောင်းဆုံးက မြင့်ကိုဖြစ်ပါသည်။ တက္ကသိုလ်မှာ အဆိုအမိန့်တစ်ခု ရှိပါသည်။ 'မစွံတောင်တက်၊ မတတ် လှေလှော်'ဟူ၍ ဖြစ်ပါသည်။ မြင့်ကိုလည်း စွံမလားဆိုပြီး ရန်ကုန်တက္ကသိုလ် ခြေလျင်တောင်တက်အသင်းသို့ ဝင်ပါသည်။ ဤမှာပဲ ရှုပဗေဒ အထူးပြုယူသော ခင်မမနှင့် ဆုံပါသည်။

နည်းနည်းပါးပါး တစ်ဦးနှင့်တစ်ဦး အီစလီကလီတွေ ရှိကြပါသည်။ ဖြစ်ပုံက မြင့်ကိုတို့ ခြေလျင်တောင်တက်အဖွဲ့ ဝိတိုရိယ(နတ်မ)တောင်သို့ တောင်တက်ခရီးစမှ အလွမ်းဇာတ်လမ်း ဖြစ်လာရသည်ဟု ပြောရပါလိမ့်မည်။

'ဝိတိုရိယတောင်'(နတ်မ)ကို တက်နေရင်း ခရီးတစ်လျှောက်မှာ ခင်မမ အန္တရာယ်မဖြစ်စေရေးအတွက် မြင့်ကို အနီးကပ်စောင့်ရှောက်ပါသည်။ ဝိတိုရိယ(နတ်မ)တောင်ထိပ်နားရောက်ခါနီး နေ့လယ်စာစားကြသောအခါ ခင်မမက ဗိုက်ဆာသဖြင့် မြင့်ကို ဖောက်ထားသော ဘီစကာစ်မုန့်ထုပ်ကို ပေးပါသည်။ မြင့်ကိုခမျာ ကံမကောင်းပါ။ ဘယ်လို ဘယ်နည်းကြောင့် ပိုးဟပ်က ဘီစကာစ်မုန့်ထုပ်ထဲ ဝိတိုရိယတောင်ထိပါလာသလဲ မသိပါ။ ပိုးဟပ်ကြောက်သော ခင်မမ အမြန်အကြား ထအော်ပြီး သတိမေ့သွားသဖြင့် မနည်း နှာနှပ်ယူရသည်။

ဝိတိုရိယတောင်(နတ်မ)အတက်ရော အဆင်းမှာ ခင်မမက

www.burmeseclassic.com



လမ်း ခရီးတစ်လျှောက်လုံး မြင့်ကိုအား မျက်စောင်းထိုး၊ နှုတ်ခမ်းစူပြီး မကျေနပ်သည့် အမူအရာ ပေါက်ကွဲပြကာ တက္ကသိုလ် ခြေလျှင်နှင့် တောင်တက်အသင်းအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်သွားပါတော့သည်။

(၂)

ဝင်းသူကျတော့ တစ်မျိုးဆန်းပါသည်။ မထင်မှတ်ဘဲ သမိုင်း အဓိက စတုတ္ထနှစ်မှ ကျောင်းသူတစ်ဦးကို ဦးချစ် လက်ဖက်ရည်ဆိုင်မှာ တစ်ယောက်တည်းထိုင်ကာ တွေ့ဖန်များတော့ စိတ်ဝင်စားသွားပါ သည်။ ထိုအမျိုးသမီးကျောင်းသူက သူ့စာသင်ခန်းမှာလည်း မိန်းကလေး သူငယ်ချင်းလေး မပေါင်းဘဲ သီးခြားနေလေ့ရှိပါသည်။

ဝင်းသူ ထိုအမျိုးသမီးကို စိတ်ဝင်စားမိတာက ထိုအမျိုးသမီး ၏ တည်ငြိမ်သော အမူအရာကြောင့် ဖြစ်ပါသည်။ ဦးချစ်လက်ဖက် ရည်ဆိုင်မှာ မျက်နှာချင်းဆိုင်ထိုင်ဖန်များတော့ တစ်ဦးနှင့်တစ်ဦး မျက်လုံးချင်းဆုံ ရင်ခုန်မိကြတာ နေ့ရက်တွေ ကြာမြင့်လာခဲ့ပါသည်။

စတုတ္ထနှစ်စာမေးပွဲဖြေခါနီး တစ်ပတ်အလို လှည်းတန်းကား မှတ်တိုင်မှာ ကျောင်းဆင်းလို့ အိမ်ပြန်ဖို့ စောင့်နေသည့် ထိုကျောင်းသူ ကို ဝင်းသူ မြင်လိုက်ရပါသည်။ ထိုအချိန်မှာပဲ မိုးက ရွာလာပါသည်။

ထိုအမျိုးသမီးကျောင်းသူမှာ ထီးမပါလာလို့လား မသိ။ မိုး ပက်သဖြင့် သူမတစ်ကိုယ်လုံး ရွှဲရွှဲစိုနေပါသည်။ ဝင်းသူက မနေနိုင် ဘဲ ထိုအမျိုးသမီး ကျောင်းသူအား သူ့လွယ်အိတ်ထဲမှာရှိသော ထီးဆောင်း သွားပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးကျောင်းသူက ကျေးဇူးတင်သောအပြုံးနှင့် ထီးကိုဖွင့်ပြီးအခေါင်းမှာ မိုးက ခြိမ်းလိုက်သဖြင့် ထိုအမျိုးသမီး ပါးစပ်မှအလန့်တကြား အော်သောအသံက 'ဝူးဝူးဝါးဝါး' ပေါ်ထွက်လာပါသည်။ ထိုကျောင်းသူက လက်ဟန် ခြေဟန်ဖြင့် ကြောက်လန့်တကြား ပါးစပ်က အော်နေတာ စကားသံတွေ ထွက်မလာဘဲ 'ဝူးဝူးဝါးဝါး' ထွက်လာပါသည်။ ထိုအမျိုးသမီးကျောင်းသူမှာ စကားမပြောနိုင်ဘဲ 'အ'နေသူဖြစ်မှန်း သိလိုက်ရပါသည်။ ဝင်းသူလည်း တိုကားမှတ်တိုင်တနေ ပြေးထွက်ခဲ့ကာ ဘာဖြစ်မှန်း မသိတော့။ ထီးပာစ်ချောင်းအဆုံးရှုံးခဲ့ပြီး အဖြစ်မှန်ကို သိလိုက်ရတာကိုပဲ ကျေးဇူးတင်နေမိပါသည်။

(၄)

ဝင်းသူအပါအဝင် ၁၁၉ ယ်ချင်းခုနစ်ဦး ကိုယ့်ဇနီးမယား သားသမီးတွေနှင့် ၁၉၅၅ ခုနှစ်က ရန်ကုန်တက္ကသိုလ် စတုတ္ထနှစ် ကျောင်းသက်စဉ်က အဖြစ်အပျက်တွေကို လှုစုံလို့ပြောကြတိုင်း တစ်ချိန်တစ်ခါ အလွဲတွေကို ရယ်မောကြတာ ကျေနပ်လို့မဆုံးဖြစ်နေတာ တကယ် ဖြစ်ပါတော့သည်။

ပဉ္စမံဒီရိုင်း

www.burmeseclassic.com